# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၄) ရက်၊ တနင်္ဂနွေနေ့ ၊ (20-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်တို့၏ဦးနှောက်နှင့် နှလုံးသား ဟန်ချက်ညီအောင်

လူငယ်များနှင့်ပတ်သက်၍ အနာဂတ်ပိုင်စိုးသူ၊ အနာဂတ်၏ခေါင်းဆောင်လောင်းများအဖြစ် တင်စားကာ ယနေ့လူငယ်နောင်ဝယ်လူကြီးဟု ဆိုစမှတ်ပြုကြလေ့ရှိသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးကလည်း လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံ၏ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးများတွင် လူငယ်များထဲထဲဝင်ဝင်ပါဝင်လာနိုင်အောင် အလေးထားလုပ်ဆောင်လျက်ရှိသည်။

လူငယ်များသည် နိုင်ငံ၏အနာဂတ်ကိုကိုယ်စားပြုနေရုံသာမက ကမ္ဘာ့လူ့အဖွဲ့အစည်း၏ ပြောင်းလဲတိုးတက်မှုများကိုပါ ကိုယ်စားပြုနေသူများဖြစ်ကြသည်။ မိမိနိုင်ငံ၏လူငယ်များ ဗလငါးတန်ပြည့်ဝလာသည်နှင့်အမျှ နိုင်ငံ၏လူမှုအသိုက်အဝန်းအတွက် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်၊ လူသားသယံဇာတအရင်းအနှီးများ မလွဲမသွေဖြစ်လာပေမည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသစ်ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်ထဲတွင် **နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး** ဟူ၍ လူငယ်များ၏အခန်းကဏ္ဍကို ထည့်သွင်းချမှတ်ထားသည်။ အနာဂတ်နိုင်ငံတော်၏ ကျရာတာဝန်အသီးသီးကို အောင်မြင်ပေါက်မြောက်စွာထမ်းဆောင်နိုင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူကောင်းလူတော်များမွေးထုတ်ပေးနိုင်ရန် ပညာရည်မြင့်မားရေးသည် အဓိကဆောင်ရွက်ရမည့်အချက်ဖြစ်ပါသည်။

လူငယ်များ ပညာရည်မြင့်မားရေးအတွက် အဓိကလိုအပ်သောအချက်တစ်ခုမှာ စာဖတ်ခြင်းဖြစ်ပါသည်။ လူငယ်များ ပညာပြည့်ဝနှလုံးလှစေရန်အတွက် ဆောင်ရွက်ကြရာတွင် စာဖတ်ခြင်းကို မွေ့လျော်အောင်ဆောင်ရွက်ပေးခြင်းသည် လွယ်ကူသလောက် ထိရောက်ထက်မြက်သောနည်းဖြစ်ပါသည်။ စာဖတ်ရာတွင် ကျောင်းစာ(မိမိဆည်းပူးနေသော ပညာရပ်ဆိုင်ရာစာ)များသာမက အပြင်စာဖြစ်သော (ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း၊ အတ္ထုပ္ပတ္တိ)စသည့် ရသစာပေများကိုပါ ဖတ်ရှုကြရပါမည်။ ကျောင်းစာရော အပြင်စာပါ ဟန်ချက်မျှမျှ ဖတ်ရန်လိုအပ်ပါသည်။ ထို သုတ၊ ရသ စာပေနှစ်မျိုးကို ဟန်ချက်ညီညီဖတ်လျှင် ဦးနှောက်ရော နှလုံးသားပါ ဖွံ့ဖြိုးပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် ပြောတတ်ဆိုတတ် ပေါင်းသင်းတတ်သော ပညာပြည့်ဝနှလုံးလှသူများအဖြစ် ဘဝတွင် တင့်တင့်တယ်တယ်နေနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်တွင် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ပညာပြည့်ဝနှလုံးလှသော လူငယ်များ ပြုစုပျိုးထောင်မွေးထုတ်ရာတွင် ဆရာ၊ ဆရာမများသည် အဓိကတာဝန်ရှိသူများဖြစ်ကြပါသည်။ ကျောင်းစာများတွင်သာ ခေါင်းမြှုပ်ကြိုးစားပြီး အပြင်စာ(ရသစာပေ)များနှင့် အလှမ်းဝေးနေပါက လူရိုင်းကလေးများပေါ်ထွက်လာနိုင်ပါသည်။ အပြင်စာ(ရသစာပေ)ကိုသာ အလွန်အမင်းနှစ်သက်နေမှုကို မထိန်းကျောင်းပေးပါက ခေတ်မီ အသိအမြင် ဗဟုသုတအလွန်နည်းပါးသော လူအကလေးများ ပေါ်ထွက်လာနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်လူငယ်လူရွယ်များကို ငယ်စဉ်ကတည်းက ဦးနှောက်နှင့်နှလုံးသား တံခါးနှစ်ပေါက် ဟန်ချက်ညီညီမျှမျှဖွံ့ဖြိုးရေးအတွက် မိဘ၊ ဆရာများနှင့် သက်ဆိုင်သူများအားလုံး လမ်းပြဖော်ဆောင်ပေးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၁၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၀၀၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အနားယူအပန်းဖြေကြပြီးတော့ စောင်းတန်းကလှည့်လည်ပြီး ဘုရားဖူးကြတာကိုတွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၆၀၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၂၁၈၁ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၂၁၉ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးများ တစ်ပိဿာလျှင်ငွေကျပ်၂၈၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လ ပထမပတ်က ပြည်တွင်းမှ ထွက်ရှိသည့်အာလူးများ အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း အာလူးအရောင်းအဝယ် ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုတစ်လော နောင်ချိုဘက်ကနေထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် တော်တော်လေးကောင်းနေတယ်။ အာလူးတွေ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန် နည်းပါးလာပြီး ဈေးကောင်းပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လပထမပတ်က ပြည်တွင်းမှ ထွက်ရှိသည့်အာလူးမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ပေါက်ဈေးရှိပြီးဈေးကောင်းပြန်ရလာကြောင်း သိရသည်။

"နောင်ချို၊ မုံရွာ၊ ဟဲဟိုး စတဲ့ဒေသကထွက်တဲ့ အာလူးတွေထဲမှာ မန္တလေးဈေးကွက်ထဲ အခုတစ်လော နောင်ချိုဘက်ကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်ပြန်ကောင်းလာပြီး ဈေးကောင်းလဲပြန်ရနေတယ်။ တရုတ်နိုင်ငံဘက်ကနေ တင်သွင်းတဲ့ အာလူးတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ ဩဂုတ်လ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၆၅၀ ကျော်ထိရှိလာ

**မန္တလေး ဩဂုတ် ၁၉**

ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်)အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ ဩဂုတ်လ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၆၅၀ ကျော်ထိရှိလာကြောင်း မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်းအရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ဩဂုတ်လ ပထမပတ်အတွင်းက အရောင်းအဝယ်ပြုလုပ်သူ အနည်းငယ်သာရှိခဲ့သော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူ များလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်အားလုံးနီးပါး အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ်ပြန်ကောင်းနေတယ်။ အဝယ်မလိုက်ဘဲ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူမှာ ဩဂုတ်လပထမပတ်က တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်သူမှာ တစ်ရက်လျှင် ဦးရေ ၆၅၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို အရောင်းအဝယ် ပြုလုပ်သူများ အဆင်ပြေစေရေးအတွက် ၎င်းကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ် ကင်းတုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ မီးသွေးဘုတ်ကျေးရွာအုပ်စု ကင်းတုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကင်းတုံကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၅၁ သန်းဖြင့် ကင်းတုံကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကင်းတုံကျေးရွာရှိ အိမ်ခြေ ၁၅၇ အိမ်၊ လူ ၆၁၁ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်ထံမှ သိရသည်။ **အောင်ရဲကျော်**

# ပေါင်မြို့နယ်၌ VDP စီမံချက် ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**ပေါင် ဩဂုတ် ၁၉**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ လူထုဗဟိုပြုလူမှုစီးပွားဘဝဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏လူမှုဖွံ့ဖြိုးရေးအချက်အလက်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို ရင်းငြိမ်တောင်၊ မြလေးချောင်၊ သာယာကုန်း၊ သဲကုန်း၊ အလှပ်-တောင်ပိုင်းနှင့် ညောင်ကုန်းစုကျေးရွာတို့မှ ကော်မတီဝင် ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်ခန်းစာများကို ယနေ့မှ ဩဂုတ် ၂၃ ရက်ထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၇၀၉၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၇၀၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်ထံမှ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ လျာထား ၄၃၇၇၈ ဧကကို ယခုနှစ် မေလစတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စိုက်ပျိုးပြီးသည့် ဆီထွက်သီးနှံဧကများမှာ မြေပဲ ၁၇၀၇၉ ဧက၊ နှမ်း ၁၄၉၁၉ ဧက၊ နေကြာ ၅၀၉၇ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၇၀၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံ လျာထားဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၃၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ပြည်တွင်းရှိ စားသုံးသူပြည်သူတွေ ဆီဖူလုံမှုအတွက် အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်တွေရရှိဖို့အတွက် စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ ဖြန့်ဖြူးပေးပြီး ဆောင်ရွက်ပေးနေတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန် နည်းပညာများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မိုးမောက်မြို့နယ်၌ တာပိန်မြစ်ကူးတံတား ပထမပိုင်းတည်ဆောက်နေမှု စစ်ဆေး

**မိုးမောက် ဩဂုတ် ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တာပိန်မြစ်ကူးတံတား ပထမပိုင်းတည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးမင်းဆွေအောင်နှင့် တာဝန်ရှိသူများက မန်နောင်-ခုံဆင့်သစ်-ခုံဆင့်ဟောင်း- နောင်လိုက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိသည့် အရှည်ပေ ၅၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ၁၅ ပေရှိ တာပိန်မြစ်ကူးတံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ တာပိန်မြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀ ဖြင့် ဇွန်လဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မန်နောင်ကျေးရွာ၊ ခုံဆင့်သစ်ကျေးရွာ၊ ခုံဆင့်ဟောင်းကျေးရွာ၊ နောင်လိုက်ကျေးရွာ၊ စီကော်ကျေးရွာနှင့် ဟသ်ာကျေးရွာတို့ရှိ အိမ်ခြေ ၁၄၈၁ အိမ်၊ လူ ၆၄၈၆ ဦးတို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# မကွေးမြို့နယ် ဖိုးပေါက်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံတောကျေးရွာအုပ်စု ဖိုးပေါက်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာမွာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးမည့်အခြေအနေများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် စီမံကိန်းအသင်းသား၊ အသင်းသူများလိုက်နာရန် စည်းကမ်းချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖိုးပေါက်ကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်လူထု၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**အိမိုးမိုး**



# စီးပွားရေးလုပ်ငန်းများကို မည်သို့စတင်မလဲ

မျိုးသူ(ကုန်သွယ်မြှင့်)

**ရှင်းရှင်းလင်းလင်းတွေးခေါ်ပါ**

လုပ်ငန်းစတင်မည်ဆိုပါက စတင်မည့်လုပ်ငန်း၏ လက်ရှိဆောင်ရွက်နေပုံကို သိရှိရန်လိုအပ်သည်။ ရွေးချယ်ထားသော လုပ်ငန်းအခန်းကဏ္ဍတွင် ပါဝင်သောကုမ္ပဏီများ၊ လုပ်ငန်းရှင်များကို သိရှိရွေးချယ်ရန်နှင့် မည်သည့်ထုတ်ကုန်ကို ရောင်းဝယ်မည်ကို ရှင်းရှင်းလင်းလင်း ချမှတ်ရွေးချယ်ရပါမည်။ မရွေးချယ်မီ စဉ်းစားခြင်းနှင့် တွေးခေါ်မြော်မြင်ကြည့်ရန်လိုအပ်သည်။ သေချာစွာစဉ်းစားပြီး ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ရွေးချယ်ရမည်ဖြစ်သည်။ ရွေးချယ်စရာများကို ချရေးကြည့်ပြီး အားသာချက်၊ အားနည်းချက်များနှင့် မိမိနှင့် အဆင်ပြေဆုံးဖြစ်မည်ထင်သည့်ကုန်ပစ္စည်းကို သေချာစွာ တွေးတောချိန်ဆပြီးရွေးချယ်ရန် လိုအပ်သည်။

အွန်လိုင်းမှ တစ်ဆင့်ခံရောင်းဝယ်မှုမျိုး ဆောင်ရွက်မည်ဆိုလျှင်လည်း နိုင်ငံအနှံ့မှ ကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်သူများနှင့်ချိတ်ဆက်ပြီး တစ်ဆင့်ရောင်းဝယ်မှုများကိုချိတ်ဆက်နိုင်ရေး မည်သို့လုပ်မည်ဆိုသည်ကို ရှင်းလင်းအောင်စဉ်းစားထားရမည်။ တိုင်ပင်သင့်သူများနှင့် တိုင်ပင်ရမည်ဖြစ်သည်။ ဇဝေဇဝါ ချီတုံချတုံဖြစ်နေခြင်းမျိုးမဖြစ်စေရန် အတွေးအခေါ်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင်ထားပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ စဉ်းစားချင့်ချိန်မှုများအားလုံးကို "ဘာကြောင့်လဲ"ဟူသောမေးခွန်းဖြင့် စတင်စဉ်းစားရန် လိုအပ်သည်။ ရွေးချယ်သည့်လုပ်ငန်းနှင့်ပတ်သက်၍ တိတိကျကျသေချာစွာသိနိုင်သမျှသိရှိရန်လည်း လေ့လာကြည့်ရမည်ဖြစ်သည်။ လုပ်ချင်စိတ်တစ်ခုတည်းနှင့် စဉ်းစားသည့်အခါတွင် အကောင်းများနှင့် အားသာချက်များကိုသာ သာသာထိုးထိုးစဉ်းစားတတ်သကဲ့သို့ မကောင်းသည့်အချက်များကိုသာစဉ်းစားပြီး လုပ်ငန်းစတင်ရန် တွန့်ဆုတ်တတ်သည်။ ထိုအစွန်းများလွတ်စေရန်အတွက် ရှင်းလင်းစွာတွေးခေါ်စဉ်းစားနိုင်ရန်လိုအပ်သည်။

**လုပ်ကိုင်မည့်အစီအမံကို ရေးဆွဲပါ**

သေချာတွေးတောပြီးလျှင် လုပ်ကိုင်မည့်အစီအမံကို သေချာရေးဆွဲနိုင်ရန်လိုအပ်သည်။ မိမိဘာသာ မေးခွန်းများမေးပြီး ဖြေကြားကြည့်ခြင်းဖြင့် လုပ်ကိုင်မည့်အစီအမံကို ချမှတ်ရေးဆွဲနိုင်ရပါမည်။ ယခုလုပ်မည့်လုပ်ငန်းတွင် အားသာချက်များ မည်မျှရှိနိုင်သလဲ၊ အားနည်းချက်မည်မျှရှိမလဲ၊ လုပ်ငန်းနှင့်ဆက်စပ်မည့် ပတ်ဝန်းကျင်မှ ရလာနိုင်သည့် အခွင့်အလမ်းများနှင့် လုပ်ငန်း၏ ရှေ့အနာဂတ်အခြေအနေ မည်သို့ရှိမလဲ၊ စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုများမည်သို့ရှိသလဲ၊ ပြိုင်ဘက်များ မည်မျှများပြားသလဲ၊ ဈေးကွက်အခြေအနေ၊ စားသုံးသူများအခြေအနေ၊ ကိုယ့်ပစ္စည်းနှင့်ကိုယ့်လုပ်ငန်းကို မည်သူများက ဝယ်ယူကြမလဲ၊ ဝယ်ယူအောင်မည်သို့လုပ်မလဲ စသည်ဖြင့် မေးခွန်းများကိုမေး၍ ဖြေကြားကြည့်ခြင်းဖြင့် လုပ်ငန်းအစီအမံကို ရေးဆွဲချမှတ်ရမည်။

အစီအမံ (Work Plan)ကို သေချာစွာရေးဆွဲချမှတ်ထားခြင်းမျိုးမလုပ်ဘဲ အလေတကြီးဆောင်ရွက်သဖြင့် အမှားအယွင်းများကို ရင်ဆိုင်ကြရသူ အများအပြားရှိသည်။ အမှားအယွင်းများကို မကြာခဏကြုံတွေ့နေလျှင် လုပ်ငန်းသည် ရှေ့ကိုမရောက်နိုင်ဘဲ အမှားများကို ပြန်လည်တည့်မတ်ရင်း၊ ပြန်လည်ပြင်ဆင်နေရခြင်းများဖြင့်သာ အချိန်ကုန်နေမည်ဖြစ်သည်။ ရည်မှန်းထားသော ဝယ်ယူမည့်ဖောက်သည်များကို ရှာဖွေနိုင်ရန်သည် အလွန်အဓိကကျသည်။ ထိုအချက်ကို အဓိကထားပြီး လုပ်ငန်းအစီအမံကို သေချာစွာရေးဆွဲပြင်ဆင်ရမည်ဖြစ်သည်။ တတ်နိုင်လျှင် ဈေးကွက်သုတေသနကို လုပ်ကြည့်သင့်သည်။ ဈေးကွက်အတွင်းတွင် မိမိ၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းသည် အောင်မြင်နိုင်ခြေ ရှိ၊ မရှိကို ဈေးကွက်သုတေသနပြုနိုင်သမျှ ပြုလုပ်ထားသင့်သည်။ ယခုခေတ်တွင် အခြားသော ပြိုင်ဘက်လုပ်ငန်းများ၏ သုတေသနလုပ်ငန်းများ၊ ရှိပြီး၊ လေ့လာပြီးလုပ်ငန်းများမှလည်း ဈေးကွက်အခြေအနေကို လေ့လာသိရှိနိုင်သည်။

**ငွေရေးကြေးရေး ချင့်ချိန်ပါ**

မည်မျှသေးငယ်သောလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အရင်းအနှီးအနည်းငယ် သို့မဟုတ် ကုန်ကျစရိတ်အနည်းငယ် လိုအပ်မည်ဖြစ်သည်။ အဆိုပါ လိုအပ်သည့်ငွေကြေးကို နည်းနိုင်သမျှ နည်းနည်းနှင့် လုပ်ငန်းစတင်နိုင်ရန်အတွက် စဉ်းစားရန်လိုအပ်သည်။ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုမှထွက်၍ လုပ်ကိုင်မလား၊ အထိုက်အလျောက် လက်ထဲတွင် ငွေကြေးအရင်းအနှီးအနည်းငယ်ရှိသလား၊ ချေးငှားရမလား ဆိုသည်ကို စဉ်းစားချင့်ချိန်နိုင်ရန် လိုအပ်သည်။

လုပ်ငန်းစတင်မည့်အချိန်ရှိနေမည့် လက်ဝယ်ရှိငွေကြေးအခြေအနေကို ပထမဆုံးစဉ်းစားပြီး ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်နိုင်မည့်ငွေရေးကြေးရေးနှင့် လိုအပ်လျှင်ချေးငှားနိုင်မည့်နေရာကို ရှာဖွေထားရန်လိုအပ်မည်ဖြစ်သည်။ ကုန်ကျနိုင်သည့်ငွေကြေးအရင်းအနှီးကို သိရှိရန်အတွက် မရှုံးမမြတ်အခြေအနေတွင် လိုအပ်သည့်ငွေကြေးပမာဏကို သိရှိထားလျှင် လိုအပ်သည့်အရင်းအနှီးကို သိရှိနိုင်သည်။ ထို့ကြောင့် မိမိကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း၏ မရှုံးမမြတ်အခြေအနေရှိတန်ဖိုးကို တွက်ချက်ခန့်မှန်းခြင်းဖြင့် အနိမ့်ဆုံးလိုအပ်မည့် အရင်းအနှီးကို ခန့်မှန်းနိုင်သည်။

ဤနေရာတွင် လုပ်ငန်းစတင်သည်နှင့် မလိုအပ်သောကိစ္စများတွင် ငွေကြေးအများအပြားသုံးစွဲခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။ လုပ်ငန်းစတင်ထူထောင်ချိန်တွင် ကြွားဝါရန်ဖြစ်စေ၊ လိုအပ်သည်ဟု တလွဲတွေးခြင်းကြောင့်ဖြစ်စေ အလွန်အကြူးမွမ်းမံခြင်းမျိုးကို ပြုလုပ်တတ်သည်။ ထိုအချက်များကို သတိထားရှောင်ရှားခြင်းဖြင့် ငွေရေးကြေးရေးလိုအပ်ချက်ကို လျှော့ချနိုင်သည်။ ဥပမာအားဖြင့် အလုပ်ခန်းကိုမလိုအပ်ဘဲ ကျယ်ပြန့်စွာပြင်ဆင်ထားတတ်ခြင်းမျိုးသည် ကုန်ကျစရိတ်ကိုမြင့်တက်စေသဖြင့် လိုအပ်သလောက်သော အကျယ်အဝန်းကို သေချာစွာစဉ်းစားပြီး လုပ်ဆောင်သင့်ပါသည်။

**တရားဝင်လုပ်ငန်းဖြစ်စေရန်စီစဉ်ပါ**

စီးပွားရေးလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ပြီး လုပ်ကိုင်သင့်သည်။ မိမိလုပ်ငန်းသည် မည်မျှသေးငယ်သည်ဖြစ်ပါစေ ရေရှည်ရပ်တည်ပြီး လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက် တရားဝင်လုပ်ငန်းအဖြစ်လုပ်ကိုင်ရန်လိုအပ်သည်။ အသေးစားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်မည်ဆိုပါကလည်း သက်ဆိုင်ရာဒေသတွင် တရားဝင်ဖြစ်ရန် မည်သို့လုပ်ရမည်ကို လေ့လာဆောင်ရွက်ထားရန်လိုအပ်သည်။ တရားဝင်လုပ်ငန်းအဖြစ် ဆောင်ရွက်ထားခြင်းဖြင့် လုပ်ငန်းတွင် သက်တမ်းရှိနေမည်ဖြစ်ပြီး လုပ်ငန်းတိုးချဲ့ရန်လိုအပ်သည့်အခါတွင် ငွေကြေးချေးငှားရန်အတွက်အထောက်အကူရရှိနိုင်သည်။ လုပ်ငန်းမှတ်ပုံတင် သို့မဟုတ် လုပ်ငန်းလိုင်စင်လိုအပ်သည့် လုပ်ငန်းမျိုးဖြစ်လျှင်လည်း သင့်လျော်ရာအစိုးရဌာနများတွင် မှတ်ပုံတင်ရန်နှင့် ဆက်သွယ်ဆောင်ရွက်ရန်ပြုလုပ်သင့်သည်။ စည်ပင်သာယာနှင့်ဆက်စပ်သည့်လုပ်ငန်းမျိုးလည်း ဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်လုပ်ကိုင်ရန်မှာ များစွာလွယ်ကူသည်ကိုတွေ့နိုင်သည်။ ပြီးလျှင် စတင်ပါဟု ပြောလိုသည်။ လုပ်ငန်းလုပ်ကိုင်ရင်း ဆက်လက်လုပ်ကိုင်ရမည်များ ရှိနေမည်ဖြစ်သည်။

**နာမည်ပေးပါ**

တရားဝင်လုပ်ငန်းအဖြစ် မှတ်ပုံတင်မည်ဆိုသည်နှင့် နာမည်တစ်ခုပေးအပ်ရမည်ဖြစ်သည်။ လုပ်ငန်းနှင့်လိုက်ဖက်သော နာမည်တစ်ခုဖြစ်စေ၊ မိမိကို အများက သိပြီးသောနာမည်ရှိလျှင်ဖြစ်စေ ရွေးချယ်ရမည်ဖြစ်သည်။ တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်လျှင်လည်း နာမည်ပေးရန်လိုအပ်သည်။ နာမည်တစ်ခုရှိမှသာ လုပ်ငန်းကိုကာကွယ်နိုင်မည်ဖြစ်သည်။ အမှတ်တံဆိပ်သင်္ကေတတစ်ခုအဖြစ် ထားရှိနိုင်မည်ဖြစ်သည်။ နောင်တွင် လုပ်ငန်းတွင်ကျယ်လာသည့်အခါ လုပ်ငန်း၏ သက်တမ်း၊ အမည်(Brand)တစ်ခု၏သက်တမ်းအဖြစ် ရရှိလာမည်ဖြစ်သည်။ နာမည်ရွေးချယ်ရာ၌ သေချာစွာစဉ်းစားရွေးချယ်သင့်သည်။ နာမည်သည် အလုပ်၏ ဂုဏ်သတင်းလည်းဖြစ်သဖြင့် နာမည်ကိုဖြစ်သလို မရွေးချယ်သင့်ပေ။ ရေရှည်ကောင်းမွန်သော၊ တည်တံ့သောနာမည်မျိုးဖြစ်သင့်သည်။

**အခွန်အခများကို ထည့်သွင်းစဉ်းစားပါ**

အခွန်အခများကို ရှောင်လွှဲပြီးရပ်တည်ရန် မစဉ်းစားသင့်ပေ။ ပေးဆောင်သင့်သောအခွန်အခများကို သေချာစွာပေးဆောင်သင့်သည်။ အခွန်အခများ သေချာစွာပေးဆောင်နိုင်ရန်လည်း အမြတ်အစွန်းတွင် ထည့်သွင်းစဉ်းစားတွက်ချက်ထားသင့်သည်။ သို့မှသာ အသားတင်အမြတ်တစ်ခုကို စိတ်ချစွာရရှိနိုင်သည်။ လုပ်ငန်းငယ်များသည် အခွန်အခနည်းပါးတတ်သည်။ နည်းစဉ်ကပင် အခွန်အခများကို ပုံမှန်ဆောင်ထားခြင်းဖြင့် အလေ့အကျင့်တစ်ခုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသောလုပ်ငန်းတစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်မည်ဖြစ်သည်။

**ကုန်ကျစရိတ်များကို သေချာစွာစိစစ်ပါ**

ကုန်ကျစရိတ်များသည် လုပ်ငန်းတစ်ခုအတွက် အလွန်အရေးပါသည်။ ကုန်ကျစရိတ်သည် လိုသည်ထက်ပိုမိုများပြားပါက အမြတ်အစွန်းကို ထိခိုက်နိုင်သည်။ အမြတ်ကို မဖြစ်မနေရယူပါက ကုန်ကျစရိတ်မြင့်သည်နှင့်အမျှ ရောင်းဈေးမြင့်တက်လာမည်ဖြစ်သည်။ ထို့ကြောင့် အခြားသောလုပ်ငန်းတူပြိုင်ဘက်များထက် ရောင်းဈေးမြင့်နိုင်သည့်အန္တရာယ် ရှိလာသည်။ အရည်အသွေးကောင်းအောင် ဆောင်ရွက်သည့်အခါတွင်လည်း ကုန်ကျစရိတ်သည် များပြားတတ်သည်။ ထိုအခါတွင် အရည်အသွေးကောင်းခြင်းကြောင့် ရောင်းဈေးမြင့်ရသည်ကို ဖောက်သည်များ၊ ဝယ်ယူသူများက လက်ခံပြီး ဝယ်ယူချင်စိတ်ဖြစ်လာအောင် စည်းရုံးနိုင်ရန် လိုအပ်သည်။ ကုန်ကျစရိတ်များကို အသေးစိတ်မှတ်သားထားရန်နှင့် အသေးစိတ်စဉ်းစားထားရန်လိုအပ်သည်။

**ကုန်အမှတ်တံဆိပ်နှင့် ကြော်ငြာဖြင့်**

ပြိုင်ဘက်များကြားတွင် သီးခြားရပ်တည်မှုတစ်ခုအဖြစ် ပေါ်လွင်စေသည်မှာ အမည်နှင့် ကုန်အမှတ်တံဆိပ်ပင်ဖြစ်သည်။ အဆိုပါ ကုန်အမှတ်တံဆိပ်ကို သေချာစွာမှတ်ပုံတင်ထားရန်လိုအပ်သည်။ စတင်ခါစအခြေအနေတွင် တုပမှုများနည်းပါးနိုင်သော်လည်း လုပ်ငန်းတွင်ကျယ်လာသည်နှင့်အမျှ တုပမှုများပေါ်ပေါက်လာနိုင်သဖြင့် ကြိုတင်ပြီး အမည်နှင့်ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ထားသင့်သည်။ မိမိ၏ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ မှတ်ပုံတင်ထားရန်လိုအပ်သည်။ ထို့ပြင် မိမိရောင်းကုန်ကို ကြော်ငြာသည့်လုပ်ငန်းကိုလည်း မဖြစ်မနေဆောင်ရွက်သင့်သည်။ ကြော်ငြာရာတွင် ငွေကြေးအများအပြားအကုန်အကျခံကြော်ငြာခြင်းအစား Website ထူထောင်ခြင်းနှင့် Social Mediaများဖြစ်သောFace-book၊ Instagram၊ Telegram စသောနေရာများတွင် မိမိရည်မှန်းသော ဝယ်ယူသူများ၊ ဖောက်သည်များ ကြည့်ရှုနိုင်အောင် စီစဉ်ရမည်ဖြစ်သည်။

ထို့ပြင် လုပ်ငန်းစတင်ခါစတွင် လူသိလာစေရန်အတွက် ကူပွန်များပေးခြင်း၊ မဲဖောက်ခြင်း စသည့်စိတ်ဝင်စားဖွယ်အစီအစဉ်များကိုပါ တွဲဖက်ဆောင်ရွက်ပေးခြင်းဖြင့် ဖောက်သည်များ စိတ်ဝင်စားလာစေရန်ပြုလုပ်ရမည်ဖြစ်သည်။ ယခု Online မှ ဈေးရောင်းနေသူများကိုကြည့်လျှင် ကပြနေသူများ၊ သီချင်းဆိုပြနေသူများ၊ လှလှပပရှုချင်စဖွယ်ဖြစ်အောင်ပြင်ဆင်ပြီး ရောင်းချနေသည်များနှင့် မဲဖောက်ခြင်းနှင့်လက်ဆောင်ပေးခြင်းကဲ့သို့ ဆွဲဆောင်မှုများဖြင့် ကြော်ငြာခြင်းမျိုးဆောင်ရွက်နေကြသည်များကို တွေ့နိုင်သည်။ ထို့ပြင် Logo အမှတ်တံဆိပ်ကိုလည်း သေချာစွာရေးဆွဲထားပြီး ကိုယ်ပိုင် Website တွင် သုံးစွဲနိုင်သကဲ့သို့ ရောင်းချသည့်ကုန်ပစ္စည်းတွင်လည်း ထည့်သွင်းသုံးစွဲနိုင်သည်။

**လုပ်သင့်သည့်အချိန်တွင် လုပ်ကိုင်ပါ**

3 Rs Right Time, Right Place and Right Person ဟူသော သင့်လျော်သည့်အချိန်တွင် သင့်လျော်သည့်နေရာ၌ သင့်လျော်သူများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုအထဲတွင် သင့်တော်မှန်ကန်သော အချိန်ကို ရွေးနိုင်ရန်အထူးလိုအပ်သည်။ မည်သည့်အချိန်အခါတွင် လုပ်ငန်းစတင်မည်၊ မည်သည့်အချိန်တွင်လုပ်ငန်းကိုအပြီးသတ်မည်၊ မည်သည့်အချိန်တွင် အလုပ်ချိန်သိမ်းမည် စသည်ဖြင့် အချိန်ကိုစီမံခန့်ခွဲနေရမည်ဖြစ်သည်။ How to start and how to stop. ဟူ၍ သိထားရန်လိုအပ်သည်။ စေ့စေ့စပ်စပ်တွေးတောကြံဆပြီး၍ လုပ်ငန်းစီမံချက်ကိုလည်း သေချာစွာရေးဆွဲချမှတ်ပြီးလျှင် လုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရမည်။ ထို့ကြောင့် မှန်ကန်သောအချိန်အခါ၊ နေရာတို့ကိုရွေးချယ်ပြီး မှန်ကန်သောလူများနှင့် အကောင်အထည်ဖော်သွားနိုင်လျှင် မိမိ၏လုပ်ငန်းသည် အောင်မြင်မှုရရှိလာမည်ဖြစ်သည်။

❖ စီးပွားရေးလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ပြီး လုပ်ကိုင်သင့်သည်။ မိမိလုပ်ငန်းသည် မည်မျှသေးငယ်သည်ဖြစ်ပါစေ ရေရှည်ရပ်တည်ပြီး လုပ်ငန်းတိုးချဲ့ ဆောင်ရွက်သွားနိုင်ရန်အတွက် တရားဝင်လုပ်ငန်းအဖြစ်လုပ်ကိုင်ရန်လိုအပ်သည်။ အသေးစားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်မည်ဆိုပါကလည်း သက်ဆိုင်ရာဒေသတွင် တရားဝင်ဖြစ်ရန် မည်သို့လုပ်ရမည်ကို လေ့လာဆောင်ရွက်ထားရန်လိုအပ်သည်။ တရားဝင်လုပ်ငန်းအဖြစ် ဆောင်ရွက်ထားခြင်းဖြင့် လုပ်ငန်းတွင်သက်တမ်းရှိနေမည်ဖြစ်ပြီး လုပ်ငန်းတိုးချဲ့ရန်လိုအပ်သည့်အခါတွင် ငွေကြေးချေးငှားရန်အတွက် အထောက်အကူရရှိနိုင်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၄၂၃ ဧက စိုက်ပျိုးပြီးစီး

**မင်းကင်း ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၄၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၈၅၅၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဒီနှစ် မိုးရာသီပဲမျိုးစုံဧက ၈၀၀၀ ကျော် စိုက်ဖို့လျာထားတာ။ အခုလက်ရှိဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်းဧက ၃၅၂၀၊ ပဲပုပ် ၇၉ ဧက၊ ပဲလွှမ်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၅၇ ဧက၊ ပဲယဉ်း ၇၈ ဧက၊ ပဲကြီး ၄၆၄ ဧက စုစုပေါင်း ၆၄၂၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်း ၅၆၃၆ ဧက၊ ပဲပုပ် ဧက ၉၀၊ ပဲလွှမ်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၇၉ ဧက၊ ပဲယဉ်း ၇၄ ဧက၊ ပဲကြီး ၄၅၄ ဧက စုစုပေါင်း ၈၅၅၈ ဧကဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် သီးနှံအလိုက်လျာထားမှုအနေဖြင့် မတ်ပဲ ၂၈၄၃ ဧက၊ ပဲတီစိမ်း ၅၅၇၈ ဧက၊ ထောပတ်ပဲ ၉၃၉ ဧက၊ စွန်တာနီ ၁၀၈၅ ဧက၊ စွန်တာပြာ ၃၂၉၆ ဧက၊ ပဲပုပ် ၁၉၄၁ ဧက၊ ကုလားပဲ ၁၁၅၆ ဧက၊ ပဲလွှမ်း ၃၈၇၄ ဧက၊ ပဲယဉ်း ၄၉၄ ဧက၊ ပဲဖြူလေးဧက ၁၀၅၀၊ ပဲကြီး ၆၁၃၁ ဧက၊ ပဲကျား ၉၂၃ ဧက၊ စားတော်ပဲ ၈၆၉၇ ဧက၊ ပဲနောက် ၅၃၁ ဧက၊ မြေထောက်ပဲ ၅၂၈ ဧက၊ အခြားပဲ ၃၉၇၈ ဧက စုစုပေါင်း ၄၃၀၄၄ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဆွယ်တာနှင့် အနွေးထည်ရောင်းမည့်ဆိုင်ကို နွေရာသီတွင် စတင်မဖွင့်ရန်လိုအပ်သကဲ့သို့ပင် အချိန်အခါကို သေချာစွာရွေးချယ်နိုင်ရန် လိုအပ်သည်။ ထို့ပြင် မလိုအပ်ဘဲ ငွေကုန်ကြေးကျမှုမဖြစ်စေရန်နှင့် အချိန်ကုန်သက်သာစေရန်အတွက် မိမိလုပ်ကိုင်မည့်လုပ်ငန်းကို ငှားရမ်း၍ဆောင်ရွက်ရခြင်းမျိုးအစား အိမ်မှစတင်နိုင်လျှင် အိမ်မှစတင်ဆောင်ရွက်သင့်သည်။ Online ဖြင့် လုပ်ကိုင်ရသောလုပ်ငန်းများသည် ကုန်ပစ္စည်းထားသိုရန်နေရာမလိုအပ်သဖြင့် အိမ်မှစတင်နိုင်သော လုပ်ငန်းတစ်မျိုးဖြစ်သည်။

**စီးပွားရေးကျင့်ဝတ်များကိုလိုက်နာပါ**

စီးပွားရေးဆိုင်ရာကျင့်ဝတ်များကို လေးစားလိုက်နာရန်လိုအပ်သည်။ ကျင့်ဝတ်များသည် များသောအားဖြင့် ကိုယ်ချင်းစာတရားနှင့် ကောင်းဆိုးနှစ်တန်ကို ခွဲခြားနိုင်သည့်စိတ်ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ထို့ကြောင့် ရိုးရိုးသားသားလုပ်ကိုင်ခြင်းဖြင့် ကျင့်ဝတ်စောင့်ထိန်းရန်လိုအပ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လိုက်နာရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် စသည့်အချက်များကိုလည်း လေးစားလိုက်နာရမည်ဖြစ်သည်။ လုပ်ငန်းကို ရေရှည်ရပ်တည်ပြီး အောင်မြင်၍ဂုဏ်သတင်းကောင်းစေလိုလျှင် အဆိုပါအချက်များကို လိုက်နာရန်လိုအပ်သည်။

ထို့ကြောင့် တွေးတောကြံဆပြီးပြီဆိုပါက လုပ်ငန်းအစီအမံကိုသေချာစွာရေးဆွဲပြီးစတင်ရမည်ဖြစ်သည်။ လုပ်ငန်းအောင်မြင်ရေးတွင် လုပ်ချင်ကိုင်ချင်စိတ်နှင့် အောင်မြင်လိုစိတ်များက အရေးကြီးသောတွန်းအားများဖြစ်သည်။ လုပ်ငန်းလည်ပတ်လာပြီးနောက်တွင် လုပ်ငန်း က အလုပ်ရှင်ကို ပြန်ခိုင်းလာမည်ဖြစ်ပြီး လုပ်ငန်းက အလုပ်ရှင်ကိုတွန်းအားပေးပြီး လုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေသည်။

ထို့ကြောင့် စိတ်ရောကိုယ်ပါလုပ်ဆောင်ကြခြင်းဖြင့် အောင်မြင်သောလုပ်ငန်းငယ်တစ်ခုဖြစ်လာရန်လိုအပ်သည်။ လုပ်ငန်းအောင်မြင်သည်နှင့်အမျှ ငယ်ရာမှ ကြီးမားလာသည့် လုပ်ငန်းတစ်ခုဖြစ်လာနိုင်သည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုကို စတင်ဖြစ်အောင် စတင်ပါ။ လေ့လာပါ။ စာဖတ်ပါ။ လုပ်ရင်းနှင့် သိနားလည်မှုမြင့်တက်လာပြီး အောင်မြင်မှုကို ရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## အချိန်ရှိခိုက် လုံ့လစိုက်

\- အချိန်ကို အကျိုးရှိရေး
တိုးသိတွေး မြှဆင်ခြင်၊
နည်းလမ်းမှန် အသုံးပြု
ပြုံးမှုအစဉ်၊
လေးနက်လို့ သိဉာဏ်ယှဉ်
ကြည့်မှန်အသွင် ဆန်းစစ်လို့၊
အဖိုးတန် လူသားဖြစ်အောင်
ထုဆစ်ပါစို့။

\- အချိန်ဟာ ပြန်မရသမို့
ကြံဆလို့ တံခွန်ထူ၊
စိန္တေရှင် မြဲညွှန်ကြား
ကြိုးစားဖို့မူ၊
ပျင်းရိလို့ မငြူစူ
အပူဟူ ဘယ်မရှိ၊
ကောင်းခြင်းတွေ တိုးစရိုက်နှင့်
ပျိုးစိုက်ဆောင်ဘိ။

\- ဥစ္စာပညာ ခနရှိတဲ့
ဘဝ၏ ဂုဏ်မျိုးစုံ၊
ကောင်းစိတ်ဆောင် အချစ်ဓာတ်
ရစ်ပတ်လွှမ်းခြုံ၊
အေးမြတဲ့ အသိုက်မြုံ
ဖိုးထိုက်စုံ ငြိမ်းချမ်းရေး၊
ရှေ့သို့ချီ တိုးအစွမ်းနှင့်
ကြိုးပမ်းစို့လေး။

\- များအချိန် အသက်သွေးသို့
မပြတ်တွေး ရွှေငွေပမာ၊
အသုံးချသူ အောင်မြင်မှု
လှူဂုဏ်အင်ပါ၊
အချိန်ကြောင့် လင်းရောင်ဖြာ
ဝင်းပြောင်ကာ ရနံ့သင်း၊
အချိန်ကို အသုံးချကွယ်
လုံ့လဆောင်ကြဉ်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်(တိုင်ပေ)ကျွန်း ပတ်ပတ်လည်၌ စစ်ရေးလေ့ကျင့်မှုများ ပီအယ်လ်အေ စတင်

**တိုင်ပေ ဩဂုတ် ၁၉**

တရုတ်(တိုင်ပေ) ဒုတိယသမ္မတ ဝီလျံလိုင်း၏ အမေရိကန်နိုင်ငံ အဝင်၊ အထွက် ခရီးစဉ်များကို တုံ့ပြန်သည့်အနေဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် တရုတ်(တိုင်ပေ)ကျွန်း ပတ်ပတ်လည်၌ စစ်ရေးလေ့ကျင့်မှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ) ဒုတိယသမ္မတ ဝီလျံလိုင်းသည် ပါရာဂွေးနိုင်ငံခရီးစဉ်အတွင်း အမေရိကန်နိုင်ငံသို့ အသွား၊အပြန် ဝင်ရောက်ခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် တရုတ်(တိုင်ပေ)သို့ ပြန်လည်ရောက်ရှိခဲ့သည်။

တရုတ်(တိုင်ပေ) ခွဲထွက်ရေးဝါဒီများအား သတိပေးသည့်အနေဖြင့် တရုတ်ရေတပ်နှင့် လေတပ်တို့က ပူးတွဲတိုက်ပွဲဝင် စစ်ရေးလေ့ကျင့်မှုများကို တရုတ်(တိုင်ပေ)ဝန်းကျင်၌ စတင်နေပြီဖြစ်ကြောင်း ပီအယ်လ်အေ အရှေ့ဘက်ဒေသစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

ယနေ့နံနက်ပိုင်းတွင် တရုတ်(တိုင်ပေ)ဝန်းကျင် စစ်ရေးလေ့ကျင့်မှုများအတွင်း ပါဝင်ခဲ့သည့် တရုတ်စစ်လေယာဉ်၄၂စင်းနှင့် စစ်သင်္ဘောရှစ်စီးတို့ကို ထောက်လှမ်းတွေ့ရှိထားကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်စစ်လေယာဉ်များအနက် ၂၆ စင်းတို့မှာ ထိုင်ဝမ်ရေလက်ကြား အလယ်မျဉ်းကို ဖြတ်ကျော် ပျံသန်းခဲ့ကြကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

တရုတ်နိုင်ငံသည် တရုတ်ပြည်တွင်းစစ်ပြီးဆုံးချိန် ၁၉၄၉ ခုနှစ်မှစ၍ သီးခြားရပ်တည်နေသော တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO



## ကျူးဘားနှင့်နိုင်ငံရေးဆက်ဆံမှုပြန်လည်ထားရှိရန် ရည်ရွယ်ထားကြောင်း ဘာရာဇီး ပြောကြား

**ဟာဗားနား ဩဂုတ် ၁၉**

ဘာရာဇီးနိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံနှင့် ကုန်သွယ်ရေး၊ နိုင်ငံရေးဆက်ဆံမှုများ ပြန်လည်ထားရှိရန် ရည်ရွယ်ထားကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

ဟာဗားနားမြို့၌ ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်လ်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ကျူးဘားနိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံမှု၊ နိုင်ငံရေးဆက်ဆံမှုများ ပြန်လည်ထားရှိရန် ရည်ရွယ်ထားကြောင်း ဘာရာဇီးနိုင်ငံခြားရေးဝန်ကြီးဟောင်း ဆယ်လ်ဆိုအမိုရင်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဘာရာဇီးနိုင်ငံအနေဖြင့် ဘာရာဇီးနှင့်ကျူးဘားနှစ်နိုင်ငံဆက်ဆံရေးကို အကောင်းဆုံးမိတ်ဖက်ဆက်ဆံရေးအဖြစ် ပြောင်းလဲရန်ဆန္ဒရှိကြောင်း ဘာရာဇီးနိုင်ငံခြားရေးဝန်ကြီးဟောင်း ဆယ်လ်ဆိုအမိုရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၀၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကြားကာလအတွင်း ဘာရာဇီးနိုင်ငံကို လက်ရှိသမ္မတ လူလာဒါဆေးလ်ဗား၏ အလုပ်သမားများပါတီဦးဆောင်ခဲ့စဉ်က ဘာရာဇီးနှင့် ကျူးဘားနိုင်ငံတို့ကြား ဆက်ဆံရေးမှာ အားကောင်းခိုင်မာခဲ့သည်။

သို့သော် လက်ယာစွန်းဝါဒီ ဘာရာဇီးသမ္မတဟောင်း ဘော်လ်ဆိုနာရိုလက်ထက်တွင် ကျူးဘားနှင့် ဘာရာဇီးနိုင်ငံတို့ကြား ဆက်ဆံရေး ထိခိုက်ပျက်ပြားခဲ့ရသည်။

သမ္မတဟောင်းဘော်လ်ဆိုနာရိုလက်ထက်တွင် ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကို ရှုတ်ချထားသည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကိုမဲခွဲရာတွင် ဘာရာဇီးနိုင်ငံက ပထမဆုံးအကြိမ်အဖြစ်ကန့်ကွက်မဲပေးခဲ့ကြောင်း သိရသည်။

KKO

## ရော့စတော့အွန်ဒွန်စစ်ဌာနချုပ်သို့ ရုရှားသမ္မတပူတင် သွားရောက်



**မော်စကို ဩဂုတ် ၁၉**

ရုရှားသမ္မတပူတင်သည်ယူကရိန်းစစ်ဆင်ရေးများအား ကွပ်ကဲနေသော ရုရှားထိပ်တန်းဗိုလ်ချုပ်ကြီးများကို သွားရောက်တွေ့ဆုံခဲ့ကြောင်း ကရင်မလင်နန်းတော်ကြေညာချက်ကိုကိုးကား၍ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ရော့စတော့အွန်ဒွန်မြို့ရှိ အထူးစစ်ဆင်ရေးအုပ်စု စစ်ဌာနချုပ်သို့ သွားရောက်၍ ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရုရှားအစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရော့စတော့အွန်ဒွန် ခရီးစဉ်အတွင်း သမ္မတပူတင်သည် ရုရှားစစ်ဦးစီးချုပ်ဗယ်လာရီဂျီရာဆီမော့၏ စစ်ရေးစစ်ရာအခြေအနေများ တင်ပြအစီရင်ခံမှုကိုလည်း နားထောင်ခဲ့ကြောင်း သိရသည်။

ရော့စတော့အွန်ဒွန်မြို့ သည် ယူကရိန်းနယ်စပ်နှင့် ၆၂ မိုင်အကွာတွင်ရှိသော ရုရှားမြို့တော်ဖြစ်ပြီး ယူကရိန်းစစ်ဆင်ရေးများကိုတာဝန်ယူထားသော ရုရှားစစ်ဘက်တောင်ပိုင်းဒေသ စစ်ဌာနချုပ်အခြေစိုက်ရာ မြို့တော်လည်းဖြစ်ကြောင်း သိရသည်။

ရော့စတော့အွန်ဒွန်မြို့သို့ ရုရှားသမ္မတပူတင် သွားရောက်ခဲ့သည့် အချိန်ကာလကို ရုရှားအစိုးရက အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ယူကရိန်းတပ်များက ရုရှားတပ်များထိန်းချုပ်ထားသည့် နယ်မြေများအတွင်း ထိုးစစ်ဆင်နွှဲနေစဉ် ရော့စတော့အွန်ဒွန်မြို့သို့ သမ္မတပူတင်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ဗီယက်နမ်နိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်သဘောတူညီချက် သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးမည်ဟုဆို

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဗီယက်နမ်နိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်ကို ယခုနှစ် စက်တင်ဘာလလယ်၌ သွားရောက်မည့် ဗီယက်နမ်ခရီးစဉ်အတွင်း သမ္မတ ဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။

သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးမည့် နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်သဘောတူညီချက်သည် အဆင့်မြင့်နည်းပညာကဏ္ဍဖွံ့ဖြိုး အားကောင်းရေးအတွက် ဗီယက်နမ်၏ ကြိုးပမ်းမှုများကို အထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့်အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် လိုလားနေသည်ဖြစ်ရာ ယင်းနိုင်ငံသို့ မိမိခေတ္တမျှသွားရောက်မည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ယခုလအတွင်း ပြောကြားထားသည်။

သို့သော် လက်ရှိအချိန်တွင် သမ္မတဂျိုးဘိုင်ဒင်၏ ဗီယက်နမ်ခရီးစဉ်ကို အိမ်ဖြူတော်က အတည်ပြုထားခြင်းမရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

အာရှ-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံ၏ ဩဇာကြီးမားလာမှုကို တုံ့ပြန်ရေးအတွက် အမေရိကန်အစိုးရသည် ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

## ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် အီရန်နိုင်ငံခြားရေးဝန်ကြီး အက်ဘ်ဒူလာဟီအန်နှင့် တွေ့ဆုံဆွေးနွေး

**ဂျက်ဒါး ဩဂုတ် ၁၉**

ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန် သည် အီရန်နိုင်ငံခြားရေးဝန်ကြီး အမီရာအက်ဘ်ဒူလာဟီအန်နှင့် ဩဂုတ် ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့၌ ကျင်းပခဲ့သည့် အဆိုပါ ဆွေးနွေးပွဲသည် ယခုနှစ်မတ်လအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပြန်လည် နွေးထွေးလာပြီးနောက် အဆင့်အမြင့်ဆုံးနှစ်နိုင်ငံဆွေးနွေးပွဲဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်ကို အီရန်သို့လာရောက်ရေးအတွက် အီရန် နိုင်ငံခြားရေးဝန်ကြီးက ဖိတ်ကြားခဲ့ရာ ဆော်ဒီအိမ်ရှေ့မင်းသားကလည်း လက်ခံခဲ့ကြောင်း အီရန် ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။



ဆော်ဒီအာရေဗျနှင့်အစဉ်အလာမဟာမိတ် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေး မကျေလည်မှုများ ရှိလာချိန် ပြီးခဲ့သည့်နှစ်များအတွင်း ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားသည် ဆော်ဒီနိုင်ငံခြားရေးမူဝါဒကို လမ်းကြောင်းပြောင်းဆင်မှုများ ပြုလုပ်လာခဲ့သည်။

ဆော်ဒီအာရေဗျနှင့် အီရန်တို့သည် ၂၀၁၆ခုနှစ်မှစ၍ သံတမန်အဆက်အဆံ ပြတ်တောက်နေခဲ့သော်လည်း တရုတ်နိုင်ငံ၏ကြားဝင်ညှိနှိုင်းမှုဖြင့် တရားဝင်သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန် ယခုနှစ်မတ်လအတွင်း သဘောတူခဲ့ကြသည်။

သံတမန်ဆက်ဆံရေးပြတ်တောက်နေစဉ်အတွင်း ဆော်ဒီနှင့် အီရန်တို့ကြား အားပြိုင်မှုများကြောင့် အရှေ့အလယ်ပိုင်း ဒေသအတွင်း ပဋိပက္ခများ ပို၍ဆိုးလာခဲ့ရကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# လောင်းကစားဥပဒေချိုးဖောက်ခဲ့သည့် ကွင်းလယ်ကစားသမား ပါကွီတာကို အက်ဖ်အေက စုံစမ်းစစ်ဆေးမှုပြုလုပ်




**လန်ဒန် ဩဂုတ် ၁၉**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာကို လောင်းကစားဥပဒေချိုးဖောက်မှုများ ရှိသည့်အတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပါကွီတာကိုပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ဖြင့် ခေါ်ယူရန် စီစဉ်နေသော်လည်း အဆိုပါ စုံစမ်းစစ်ဆေးမှုကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ဆိုင်းငံ့ခဲ့သည့်အပြင် ဘရာဇီးလက်ရွေးစင်အသင်းကလည်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားရမည့် နိုင်ငံ့လက်ရွေးစင်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

ပါကွီတာသည် လောင်းကစားဥပဒေချိုးဖောက်ခဲ့ပါက ကာလရှည် ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သောကြောင့် ဒီကလန်ရိုက်ကိုလက်လွှတ်ခဲ့ရပြီးနောက် ပါကွီတာကိုပါ ထပ်မံလက်လွှတ်ရမည့် အရေးကို ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများက စိုးရိမ်လျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ပါကွီတာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းကိုယူရိုပါကွန်ဖရင့်လိဂ်ဆုဖလားရယူပေးနိုင်ခဲ့ပြီး နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ဥရောပအောင်မြင်မှုကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၈ ပွဲပါဝင်ခဲ့ပြီး သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် မန်စီးတီးအသင်း၏ စိတ်ဝင်စားမှုကို ခံခဲ့ရသည်။

သို့သော် ပါကွီတာသည် အက်ဖ်အေ၏ စုံစမ်းစစ်ဆေးမှုများကြောင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့မည့်အစီအစဉ်ပျက်ပြယ်ခဲ့ရကာ ပြစ်မှုထင်ရှားပါက ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူးတိုနေးကဲ့သို့ ပွဲပယ်ပြစ်ဒဏ် ရှစ်လထိကျခံရဖွယ်ရှိနေကြောင်း သိရသည်။

ML

# ဘာစီလိုနာအသင်းက ဂိုးသမားတာစတီဂန်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ ဩဂုတ် ၁၉**

ဘာစီလိုနာ အသင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂိုးသမား တာစတီဂန်ကို စာချုပ်သက်တမ်းတိုးရန်ဆွေးနွေးခဲ့ရာ ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းနှင့်ဂိုးသမား တာစတီဂန်တို့ သဘောတူစာချုပ်တွင် တာစတီဂန်သည် လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီနှင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် အသင်း၏ဘဏ္ဍာရေးအခက်အခဲကြောင့် လုပ်ခလစာလျှော့ယူသွားမည်ဖြစ်သော်လည်း ကျန်နှစ်များတွင် အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကို ကျော်ဖြတ်နိုင်ပါက လက်ရှိရရှိနေသည့်လုပ်ခလစာထက် တိုးမြှင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လက်ရှိတွင် ကစားသမားသစ်များမှတ်ပုံတင်ရန်အတွက် ဘဏ္ဍာရေးလိုအပ်ချက်ရှိနေသောကြောင့် ဂိုးသမား တာစတီဂန်က အသင်း၏လိုအပ်ချက်ကို ကူညီပေးနိုင်ရန်အတွက် လုပ်ခလစာလျှော့ယူ၍ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမား တာစတီဂန်သည် ၂၀၁၄ ခုနှစ်က ဂလာဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၇၈ ပွဲပါဝင်ကစားခဲ့ရာတွင် လာလီဂါဆုဖလား ငါးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား ငါးကြိမ်၊ စပိန်စူပါဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါကပ်တစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလား တစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်း၏ပထမဦးစားပေး ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိနေကြောင်း သိရသည်။

ML



# အီတလီအသင်းက နာပိုလီနည်းပြဟောင်း စပယ်လက်တီကို နည်းပြသစ်ခန့်အပ်ကြောင်း ကြေညာ

**ရောမ ဩဂုတ် ၁၉**

အီတလီဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ဩဂုတ် ၁၃ ရက်က နည်းပြရာထူးမှ နုတ်ထွက်သွားခဲ့သည့်မန်စီနီ၏နေရာတွင် နာပိုလီအသင်းနည်းပြဟောင်း စပယ်လက်တီကို အစားထိုးခန့်အပ်ခဲ့ကြောင်းကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၄ နှစ်ရှိ နည်းပြစပယ်လက်တီသည် အီတလီကလပ်ရိုးမားအသင်း၊ အင်တာမီလန်အသင်းနှင့် ရုရှားကလပ်ဇင်းနစ်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုရယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း နာပိုလီအသင်းကို အကောင်းဆုံးဦးဆောင်ကာ နှစ်ပေါင်း ၃၃ နှစ်ကြာဝေးကွာနေသည့် စီးရီးအေချန်ပီယံဆုဖလားကို ရယူပေးခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အီတလီဘောလုံးအဖွဲ့ချုပ်က စပယ်လက်တီ၏ စွမ်းဆောင်ရည်ပိုင်းနှင့် အတွေ့အကြုံပိုင်းပေါ် ယုံကြည်မှုရှိခဲ့ပြီး နည်းပြမန်စီနီ၏နေရာတွင် အစားထိုးရန် ဆုံးဖြတ်ခဲ့သောကြောင့် ၎င်းသည် လာမည့် စက်တင်ဘာ ၁ ရက်မှစတင်ကာ အီတလီအသင်းကို စတင်ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အီတလီ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂရာဗီနာက "လက်ရွေးစင်အသင်းအနေနဲ့ ဝါရင့်နည်းပြတစ်ဦး လိုအပ်နေချိန်မှာ စပယ်လက်တီကို ခန့်အပ်နိုင်ခဲ့လို့ အတိုင်းမသိဝမ်းသာမိပါတယ်။ သူဟာ သူ့ရဲ့အတွေ့အကြုံကောင်းတွေနဲ့စိန်ခေါ်မှုတွေကို အကောင်းဆုံးရင်ဆိုင်နိုင်သူတစ်ယောက်ပါ။ လာမဲ့လမှာတော့ စပယ်လက်တီရဲ့စွမ်းဆောင်ရည်တွေကို မြင်တွေ့ခွင့်ရမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ် (၂) ရလဒ်** | | | | |
| ဖူလ်ဟမ် | ၀ | - | ၃ | ဘရန့်ဖို့ဒ် |
| လီဗာပူး | ၃ | - | ၁ | ဘုန်းမောက် |
| ဝုဗ် | ၁ | - | ၄ | ဘရိုက်တန် |
| **စပိန်လာလီဂါ ပွဲစဉ် (၂) ရလဒ်** | | | | |
| ဆိုစီဒက် | ၁ | - | ၁ | ဆဲလ်တာဗီဂို |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက မေဂျာလိဂ်ကလပ် နယူးအင်္ဂလန်အသင်းမှ ဂိုးသမားပက်ထရိုဗစ်ကို ကီပါ၏နေရာတွင် အစားထိုးနိုင်ရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ကွင်းလယ်ကစားသမား ဇီရက်ချ် တူရကီကလပ် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ကြောင်း သိရသည်။
- နည်းပြဂွါဒီယိုလာက ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည့် ကွင်းလယ်ကစားသမား ဒီဘရိုင်း၏နေရာတွင် ကစားသမားသစ်တစ်ဦး ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

# ချဲလ်ဆီးတောင်ပံခံစစ်ကစားသမား ရီစီဂျိမ်း တံကောက်ကြောဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်

**လန်ဒန် ဩဂုတ် ၁၉**

ယခုနှစ် ဘောလုံးရာသီတွင် ချဲလ်ဆီး အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူထားသည့် တောင်ပံခံစစ်ကစားသမား ရီစီဂျိမ်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့် တံကောက်ကြောဒဏ်ရာကြောင့် အနည်းဆုံးနှစ်လခန့် အနားယူရမည်ဟု ချဲလ်ဆီးအသင်းနည်းပြပိုချက်တီနိုက အတည်ပြုကြေညာခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ရီစီဂျိမ်းသည် နောက်ပိုင်းဘောလုံးရာသီများတွင် ချဲလ်ဆီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၏အကောင်းဆုံးခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရသူဖြစ်သည်။

ရီစီဂျိမ်းသည် ၎င်း၏အသင်းခေါင်းဆောင်အဖြစ်ပထမဆုံးကစားခဲ့သည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ပါဝင်လာခဲ့သော်လည်း ပွဲချိန် ၇၆ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရပြီး နည်းပြပိုချက်တီနိုက ရီစီဂျိမ်းကိုဒဏ်ရာကြောင့် လူစားလဲခဲ့ခြင်းမဟုတ်ဘဲ ပွဲပန်းနေမှုကြောင့်သာ လူစားလဲခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။



သို့သော် ရီစီဂျိမ်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ်အပြီးတွင် လေ့ကျင့်ခန်းပြုလုပ်စဉ် တံကောက်ကြောဒဏ်ရာရရှိခဲ့သည်ဟု နည်းပြပိုချက်တီနိုကအတည်ပြုခဲ့ပြီး ဆေးစစ်မှုများပြုလုပ်အပြီးတွင် အနည်းဆုံး နှစ်လခန့်ထိ အနားယူရမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတတိယဆုကို ဆွီဒင်အသင်း ဆွတ်ခူး

**ဝယ်လင်တန် ဩဂုတ် ၁၉**



သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ တတိယလုပွဲအဖြစ် အိမ်ရှင် သြစတြေးလျအမျိုးသမီးအသင်းနှင့်ဆွီဒင်အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆွီဒင်အမျိုးသမီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆွီဒင်အမျိုးသမီး အသင်းသည် စပိန်အသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ အိမ်ရှင် သြစတြေးလျအမျိုးသမီးအသင်းသည်လည်း အင်္ဂလန်အမျိုးသမီးအသင်းနှင့်ကစားခဲ့ရာတွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် တတိယလုပွဲသာကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဆွီဒင်အမျိုးသမီးအသင်းက အိမ်ရှင် သြစတြေးလျအမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၃၀ တွင် ရိုဖိုက ပင်နယ်တီမှတစ်ဆင့် ဆွီဒင်အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပြီး ပထမပိုင်းတွင် ဆွီဒင်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဆွီဒင်အမျိုးသမီးအသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၂ မိနစ်တွင် အက်စ်လာနီက ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဆွီဒင်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး တတိယဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Cincinnati Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**စင်စင်နာတီ ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ချက်တင်းနစ်မယ် ဗွန်ဒရိုဆိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၇-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း N Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စဝီယာတက်ခ်သည် ပုံစံကောင်းများဆက်တိုက်ပြသနေပြီး ချန်ပီယံဆုကိုလည်း ဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားလာခဲ့သည်။

စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ငံ အဆင့် ၇ အဖြစ် သတ်မှတ်ခံထားရသည့် အမေရိကန်တင်းနစ်မယ် ခိုခိုဂေါက်ဖ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

စဝီယာတက်ခ်က "ဗွန်ဒရိုဆိုဗာနဲ့ပွဲစဉ်မှာ ပထမပွဲငယ်က တော်တော်လေးကို ကစားရခက်တယ်။ အဓိက ကတော့ ဗွန်ဒရိုဆိုဗာရဲ့ရိုက်ချက်တွေက တုံ့ပြန်ရခက်ခဲခဲ့တယ်။ သူရိုက်လိုက်တဲ့ဘောလုံးက ဝေ့ပြီးလာတဲ့အတွက် ခန့်မှန်းရခက်သလို ထိန်းတဲ့နေရာမှာလဲ တော်တော်လေးကိုသတိထားပြီးထိန်းရတယ်။ ဒါကြောင့် ပထမပွဲငယ်မှာ တော်တော်လေးကိုခက်ခဲခဲ့တာပါ။ ဝေ့လာတဲ့ဘောလုံးကို မှန်မှန်ကန်ကန်ထိန်းနိုင်ဖို့ နည်းစနစ်တစ်ခုရသွားတော့မှပဲ ဒုတိယပွဲငယ်မှာ ကစားရတာပိုအဆင်ပြေသွားခဲ့တယ်။ ပထမပွဲငယ်မှာရခဲ့တဲ့ အတွေ့အကြုံကို ဒုတိယပွဲငယ်မှာ အကောင်းဆုံး အသုံးချနိုင်ခဲ့တယ်။ ဒီလိုအသုံးချနိုင်အောင်လဲ ပွဲကို သေချာအာရုံစိုက်ပြီး ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကို ပုံမှန်ထက်ပိုပြီးတော့ အာရုံစိုက်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အန်တိုနီဂျိုရှာနှင့် ဒီယွန်တေတို့ ပွဲစဉ်ဖြစ်မြောက်ခဲ့ပါက အန်တိုနီဂျိုရှာက အနိုင်ရနိုင်ကြောင်း ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း ဆာဂျီယိုမိုရာ ပြောကြား



**လန်ဒန် ဩဂုတ် ၁၉**

အန်တိုနီဂျိုရှာ ၏ Promoter ဖြစ်သူ အက်ဒီဟန်းသည် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာကို အမေရိကန်လက်ဝှေ့သမား ဒီယွန်တေနှင့်ထိုးသတ်နိုင်အောင် စီစဉ်ပေးလျက်ရှိနေပြီး လာမည့်ဒီဇင်ဘာလတွင် ဆော်ဒီနိုင်ငံ၌ ပွဲစီစဉ်သွားရန်လည်း ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု အက်ဒီဟန်းက ပြောကြားခဲ့ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂျိုရှာသည် လက်ရှိ အမေရိကန်လက်ဝှေ့နည်းပြ ဒါရစ်ဂျိမ်းစ်နှင့် လေ့ကျင့်မှုများပြုလုပ်နေသကဲ့သို့ ပြီးခဲ့သောရက်သတ္တပတ်က ဖင်လန်လက်ဝှေ့သမား ဟယ်လင်နီယက်စ်ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ယုံကြည်မှုမြင့်တက်လျက်ရှိသည်။

အန်တိုနီဂျိုရှာနှင့်ဒီယွန်တေတို့ ပွဲစဉ်ဖြစ်မြောက်ခဲ့ပါက အန်တိုနီဂျိုရှာအနေဖြင့် ဒီယွန်တေကို အနိုင်ရရှိနိုင်ကြောင်း ကမ္ဘာ့လိုက်မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဆာဂျီယိုမိုရာက သုံးသပ်ပြောကြားခဲ့သည်။

ဆာဂျီယိုမိုရာက "အန်တိုနီနဲ့ ဒီယွန်တေတို့ပွဲစဉ် ဖြစ်မြောက်စေချင်ပါတယ်။ လက်ဝှေ့ပရိသတ်တွေ မျှော်လင့်နေတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ တကယ်လို့များ ဒီစိန်ခေါ်ပွဲ ဖြစ်မြောက်ခဲ့ရင်တော့ အန်တိုနီက အနိုင်ရဖို့ ရာခိုင်နှုန်းများပါတယ်။ အန်တိုနီဟာ ဟယ်လင်နီယက်စ်နဲ့ ပွဲစဉ်မှာ ထိုးသတ်သွားတာ တော်တော်လေး ကောင်းပါတယ်။ အန်တိုနီထိုးသတ်ခဲ့တဲ့ ပွဲစဉ်တွေကိုလဲ ကြည့်ဖြစ်ခဲ့တယ်။ အန်တိုနီဟာ တခြား လက်ဝှေ့သမားတွေလို ကြံ့ခိုင်မှုအသားပေးပြီး အတင်းဝင် အတင်းထွက်ပုံစံမျိုးနဲ့ ထိုးသတ်တဲ့ လက်ဝှေ့သမားမဟုတ်ဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# BMW Championship ပြိုင်ပွဲ အမှတ်ပေးဇယားထိပ်တွင် မက်ဟိုမာ ရပ်တည်

**အိုလံပီယာဖီး ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ် အိုလံပီယာဖီးမြို့တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား မက်ဟိုမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ခရစ်ကစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟားမန်းနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မက်ဟိုမာသည် ပထမနေ့တွင် ရလဒ် မကောင်းခဲ့သော်လည်း ဒုတိယနေ့တွင် စံချိန်တင်ရိုက်ချက်များရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်သို့ရောက်ရှိလာခဲ့သည်။

မက်ဟိုမာက "ပထမနေ့မှာ ပုံစံကောင်း ပျောက်ဆုံးခဲ့ပေမဲ့ ဒုတိယနေ့မှာတော့ ထင်မှတ်မထားတဲ့ ရလဒ်တွေရခဲ့ပါတယ်။ ဒီလိုစံချိန်တင်ရိုက်ချက်တွေ ရနိုင်ခဲ့မယ်လို့ ထင်မှတ်မထားခဲ့ပါဘူး။ ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံကို ပြန်လည်သုံးသပ်ပြီး နည်းစနစ်ပိုင်းကို ထိန်းသိမ်းနိုင်ဖို့ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားများစာရင်းတွင် ပါဝင်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့မှာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီသာ လျော့ရိုက်ထားနိုင်ခဲ့ကြောင်း သိရသည်။ AZL

# အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် သရေရလဒ်ကြောင့် မြန်မာအသင်းအုပ်စုအဆင့်မှထွက်ခွာရရန်နီးစပ်

**ရန်ကုန် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိနေသည့် အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က) အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ကြောင့် မြန်မာအသင်းအနေဖြင့် အုပ်စုအဆင့်မှပင် ထွက်ခွာရဖွယ် ရှိနေကြောင်း သိရသည်။

၂၀၂၃ အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းနှင့်ကစားခဲ့ရာတွင် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ရန် ကမ္ဘောဒီးယားအသင်းကိုမဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေသော်လည်း အနိုင်ရယူနိုင်ခြင်းမရှိခဲ့ဘဲ သရေရလဒ်သာရရှိသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ပထမပိုင်းတွင် ကမ္ဘောဒီးယားအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ပြီး တစ်ဂိုး ဂိုးမရှိဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက လိုအပ်နေသည့် ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့ရာမှ ချေပဂိုးသာပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါ ပွဲစဉ်သရေရလဒ်ကြောင့် ကမ္ဘောဒီးယားအသင်းက ရမှတ် လေးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ယာယီရပ်တည်လျက်ရှိနေပြီး မြန်မာအသင်းက နှစ်ပွဲကစားပြီး ရမှတ်တစ်မှတ် အုပ်စုတတိယနေရာတွင် ရပ်တည်လျက်ရှိကာ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၁ ရက်တွင် ဘရူနိုင်း ယူ-၂၃ အသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိပါကလည်း ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရေးအတွက် ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ပွဲစဉ်မှ ရလဒ်ကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း သိရသည်။


STA

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၄ | - | ၄ | ဂလာဘတ် |
| လေဗာကူဆင် | ၃ | - | ၂ | လိုက်ပ်ဇစ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၂ | ဖရိုင်းဘတ် |
| စတုဂတ် | ၅ | - | ၀ | ဘိုချန် |
| ဝုဖ်ဘတ် | ၂ | - | ၀ | ဟယ်ဒင်ဟိမ်း |

(၀၄၀)

# အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏လွှမ်းမိုးမှုအလားအလာ



အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နှင့် အမေရိကန်တို့၏ လုပ်ငန်းလည်ပတ်မှုနယ်ပယ်သည် မတူညီသောကြောင့် နှစ်နိုင်ငံလွှမ်းမိုးမှုကို နှိုင်းယှဉ်ရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ရေတပ်ဆိုင်ရာတည်ဆောက်မှုလုပ်ငန်းစဉ်သည် အထင်ကြီးလေးစားလောက်သော်လည်း ပင်လယ်ရေကြောင်းနယ်ပယ်တွင် အမေရိကန်၏လွှမ်းမိုးမှုကို စိန်ခေါ်နိုင်မှုမရှိသေးဟုဆိုသည်။ သို့သော် စီးပွားရေးနှင့်နည်းပညာနယ်ပယ်တွင် တရုတ်၏တည်ရှိမှုသည် တစ်ဟုန်ထိုးမြင့်တက်လာလျက်ရှိပြီး အမေရိကန်အနေဖြင့် အခြေခံအဆောက်အအုံကဲ့သို့သော အရေးပါသည့်နယ်ပယ်များတွင် တရုတ်နိုင်ငံကိုယှဉ်ပြိုင်နိုင်စွမ်းမရှိဟုဆိုသည်။

အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏ စစ်ရေးဆိုင်ရာတည်ရှိမှုသည် အင်အားနည်းပါးနေဆဲပင်ဖြစ်သည်။ ဂျီဘူတီအခြေစိုက်စခန်းရှိ မရိန်းတပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ခန့်သည် ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် အရပ်သားကယ်ဆယ်ရေးလုပ်ငန်းများအတွက်သာ အသင့်တပ်ဖြန့်ထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ အီရန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့်အိုမန်တို့ပါဝင်သော ပူးတွဲပင်လယ်ရေကြောင်းတပ်ဖွဲ့ထူထောင်သွားရန် ကမကထပြုလုပ်လျက်ရှိသော်လည်း အဆိုပါစီမံကိန်းအတွက် စစ်သင်္ဘောများ ထောက်ပံ့ရန်ဆုံးဖြတ်ထားခြင်းမရှိပေ။

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက တရုတ်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့အတွင်း၌ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ရရှိနေသဖြင့် အမေရိကန်သည် တရုတ်၏ ရေနံသင်္ဘောများအတွက် အစောင့်အရှောက်ပေးနေရသော ရေပြာရေတပ်အတွက် ကုန်ကျစရိတ်များကျခံနေရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စစ်ရေးအသုံးစရိတ်သိသိသာသာတိုးမြှင့်သုံးစွဲလျက်ရှိသော်လည်း အရှေ့အလယ်ပိုင်းဒေသအတွက် စစ်ရေးအသုံးစရိတ်သည် နည်းပါးလျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် အခမဲ့လိုက်ပါစီးနင်းခွင့်ရရှိနေကြောင်း ဝေဖန်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းများကို ကာကွယ်စောင့်ရှောက်မှုမပေးနိုင်တော့လျှင် တရုတ်က ဝင်ရောက်နေရာယူသွားဖွယ်ရာရှိသော်လည်း လက်ရှိအချိန်ထိ စိတ်ကူးယဉ်သက်သက်မျှသာရှိသေးသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် တာလတ်နှင့်တာဝေးပစ်ဒုံးကျည်များ၊ J-20 ကြားဖြတ်တိုက်လေယာဉ်များ၊ ဖြိုဖျက်တုများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘောများအပါအဝင် ကမ်းရိုးတန်းကာကွယ်ရေးအတွက် ၎င်း၏စစ်ရေးဆိုင်ရာအရင်းအမြစ်များကို အသုံးပြုလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ရပ်တည်ချက်သည် အမေရိကန်နှင့်ပဋိပက္ခဖြစ်ပွားရန်မဟုတ်ဘဲ ဒေသတွင်းရှိ ၎င်း၏ အကျိုးစီးပွားများကိုသာ အာရုံစိုက်နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်နိုင်ငံ၏စစ်ရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုတို့သည် အချို့သောနယ်ပယ်များ၌ အထူးသဖြင့် ပင်လယ်ကွေ့နိုင်ငံများ၌ တစ်ခုနှင့်တစ်ခုအပြန်အလှန်အကျိုးဖြစ်ထွန်းလျက်ရှိသည်။ အမေရိကန်၏ ပြည်ပစစ်အခြေစိုက်စခန်းကြီးများသည် အရှေ့အလယ်ပိုင်းဒေသတွင်တည်ရှိနေသည်။ ကာတာတွင် အကြီးဆုံးစစ်အခြေစိုက်စခန်းတစ်ခုရှိသည်။ ဆော်ဒီအာရေဗျတွင် နှစ်ခုနှင့်အာရပ်စော်ဘွားများပြည်ထောင်စုတွင်လည်း တည်ရှိနေသည်။ အဆိုပါနိုင်ငံများရှိ အခြေခံအဆောက်အအုံများတည်ဆောက်မှုကို အမေရိကန်လုပ်သားများနှင့်လုပ်ဆောင်ခြင်းမဟုတ်ဘဲ တရုတ်အလုပ်သမားများနှင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းထိ ဆော်ဒီအာရေဗျသို့ တရုတ်၏ ပြည်ပပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံထိရှိခဲ့သဖြင့် ကိုဗစ်-၁၉ ကာလမတိုင်မီကထက် နှစ်ဆခန့်မြင့်တက်လာခဲ့သည်။ အမေရိကန်၏ပြည်ပပို့ကုန်တင်ပို့မှုသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၁ ဒသမ ၅ ဘီလီယံထိ ကျဆင်းသွားခဲ့သည်။ တရုတ်နိုင်ငံသည် တယ်လီကွန်အခြေခံအဆောက်အအုံ၊ ဆိုလာစွမ်းအင်၊ ပို့ဆောင်ရေးနှင့်အဆင့်မြင့်နည်းပညာများအပါအဝင် ဆော်ဒီအာရေဗျသို့ ကုန်စည်များတင်ပို့ရာတွင် အမေရိကန်နှင့် ဥရောပနေရာတွင်ယူကာ ဦးဆောင်သူအဖြစ်ရပ်တည်လာလျက်ရှိသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကြား အစ္စရေးသို့ ပြည်ပပို့ကုန်တင်ပို့မှုသည်လည်း နှစ်ဆမြင့်တက်ခဲ့သည်။ အလားတူ အလယ်အာရှဒေသနှင့် တူရကီနိုင်ငံသို့ တရုတ်၏ ပြည်ပပို့ကုန်တင်ပို့မှုမှာလည်း ကိုဗစ်-၁၉ မတိုင်မီကာလကထက် သုံးဆခန့်မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် အလယ်အာရှဒေသတစ်ဝန်းတွင် ရထားလမ်းများနှင့် ရေနံပိုက်လိုင်းများတည်ဆောက်သွားရန် အခိုင်အမာဆုံးဖြတ်ထားသည်။ အလားတူ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ရေတပ်များတည်ဆောက်သည်ထက် ကုန်ကျစရိတ်သက်သာသော ရထားလမ်းများဖောက်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ရည်မှန်းချက်များသည် မဟာဗျူဟာမြောက်မှန်းချက်များနှင့်အခွင့်အလမ်းများ ပါဝင်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏ရေရှည်အကျိုးစီးပွားများရှိနေသည်။ ပါရှန်ပင်လယ်ကွေ့ဒေသမှ ရေနံလွတ်လပ်စွာစီးဆင်းခြင်းသည် ကမ္ဘာ့ရေနံဝယ်ယူမှုအများဆုံးဖြစ်သည့် တရုတ်နိုင်ငံအတွက် များစွာအရေးပါလျက်ရှိသောကြောင့် တရုတ်နိုင်ငံသည် အဆိုပါဒေသတည်ငြိမ်အေးချမ်းမှုကို မြင့်တင်လျက်ရှိသည်။ စွမ်းအင်နှင့် အခြားသောကုန်ပစ္စည်းများကို ကုန်းလမ်းက ဖြတ်သန်းသယ်ယူပို့ဆောင်နိုင်မည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအကောင်အထည်ဖော်ခြင်းသည် ပျော့ကွက်ဟာကွက်ရှိသော ပင်လယ်ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းနေရာတွင် အစားထိုးသွားရန်ပင်ဖြစ်သည်။ ပါရှန်ပင်လယ်ကွေ့ဒေသတွင် နည်းပညာမြင့်မားသောစက်မှုဈေးကွက်တိုးချဲ့ပြီး မွတ်ဆလင်ကမ္ဘာကိုအထောက်အပံ့ပေးခြင်းသည် ပြည်တွင်း၌ မွတ်ဆလင် အစွန်းရောက်ဝါဒ ထိန်းချုပ်ရန်နှင့် အူဂါမူဝါဒအပေါ် နားလည်မှုတည်ဆောက်သွားရန်ပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် အစ္စရေး၏နည်းပညာရရှိရေးအတွက်လည်း ရည်မှန်းချက်ရှိနေသည်။ တရုတ်နိုင်ငံသည် ပါလက်စတိုင်းအရေးတွင် မဟာဗျူဟာမြောက်အကျိုးစီးပွားများမရှိသော်လည်း အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးကို သံတမန်နည်းလမ်းအရ ဝင်ရောက်စေ့စပ်ညှိနှိုင်းရန်ကမ်းလှမ်းထားသည်။ အစ္စရေးအပေါ် ဖိအားပေးခြင်းသည် တရုတ်နိုင်ငံအတွက် ကုန်ကျစရိတ်မရှိသော်လည်း ချစ်(ပ)ပြား ဝယ်ယူရေးအတွက် အစ္စရေးနှင့်ညှိနှိုင်းသွားနိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံရေးလေ့လာသုံးသပ်သူများက တရုတ်နိုင်ငံ၏စီမံကိန်းများအနေဖြင့် စီးပွားရေးမှသည် နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ လွှမ်းမိုးမှုများရှိနေမည်လားဆိုသောသံသယဖြင့် မကြာခဏဖော်ထုတ်လေ့ရှိသော်လည်း လွဲချော်မှုများဖြစ်ပေါ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏လွှမ်းမိုးမှုသည် စီးပွားရေးစွမ်းအားမှထွက်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသမှ လိုအပ်သောနည်းပညာများ တင်ပို့နေခြင်းပင်ဖြစ်သည်။

Huawei သည် Ericsson နှင့် Nokia တို့ထက် ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုပိုမိုကောင်းမွန်သည်။ အမေရိကန်သည် ဆက်သွယ်ရေးကောင်းမွန်သောအခြေခံအဆောက်အအုံတည်ဆောက်ထားခြင်းမရှိပေ။ ဆိုလာစွမ်းအင်ကဏ္ဍတွင်လည်း နည်းပညာကြီးမားသူသည် ပင်လယ်ကွေ့နိုင်ငံများကို စိတ်ပါဝင်စားလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဆိုလာဘက်ထရီဈေးကွက်ကိုထိန်းချုပ်ထားနိုင်သည်။

Huawei သည် စွမ်းဆောင်ရည်မြင့်မားသော AI နည်းပညာနှင့်ထိန်းချုပ်ထားသည့် ဆိုလာဘက်ထရီများရောင်းချလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဆိပ်ကမ်းထိန်းချုပ်မှုနည်းပညာကိုလည်း ထုတ်လုပ်လျက်ရှိသည်။ အလိုအလျောက်ကိုင်တွယ်နိုင်သော တီယန်ကျင်းဆိပ်ကမ်းသည် ပြည်ပပို့ကုန်များထုတ်လုပ်ရန် စီစဉ်ထားရှိသည်။ အဓိကကျသောနည်းပညာနယ်ပယ်များတွင် ဈေးကွက်လွှမ်းမိုးထားခြင်းသည် တရုတ်နိုင်ငံအပေါ် ကာလရှည်ကြာမှီခိုမှုဖြစ်စေသည်။

တရုတ်နိုင်ငံအတွက် အခြားစဉ်းစားသုံးသပ်ရန်အချက်တစ်ချက်မှာ အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းခြင်းပင်ဖြစ်သည်။ တရုတ်အာဏာပိုင်များသည် အလယ်အာရှဒေသတွင် မွတ်ဆလင် အစွန်းရောက်ဝါဒကြီးထွားလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသဖြင့် ဒေသတွင်း တရုတ်နိုင်ငံ၏ သံခင်းတမန်ခင်းနှင့် စီးပွားရေးဆိုင်ရာကြိုးပမ်းမှုများသည် အမေရိကန်ထွက်ခွာသွားပြီး ဖြစ်ပေါ်လာသော လစ်ဟာမှုများကို ဖြည့်ဆည်းနိုင်ရန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်ရှိ အရင်းအမြစ်များမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ချဉ်းကပ်လျက်ရှိသည်။

ကမ္ဘာ့တောင်ခြမ်းဒေသတွင် တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် နိုင်ငံများစွာတွင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ အခြေခံအဆောက်အအုံများတိုးချဲ့တည်ဆောက်ခြင်းသည် အသေးစားဘဏ္ဍာရေးလုပ်ငန်းမှသည် အွန်လိုင်းဆေးကုသမှုအထိ နည်းပညာပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လာစေနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ စစ်ရေးဆိုင်ရာတည်ရှိမှုကို စိန်ခေါ်မှုလုပ်ဆောင်သွားမည်မဟုတ်သလို အမေရိကန်အနေဖြင့်လည်း ကုန်သွယ်မှုနှင့်အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတို့တွင် တရုတ်၏ ဦးဆောင်မှုကို စိန်ခေါ်သွားမည်မဟုတ်ချေ။ တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာ တိုက်ရိုက်ပါဝင်ပတ်သက်မှုသည် အနည်းအကျဉ်းမျှလောက်သာရှိနေသော်လည်း ၎င်း၏ စီးပွားရေးဆိုင်ရာလွှမ်းမိုးမှုသည် ဒေသတွင်းတောင့်တင်းခိုင်မာလာပြီး ဆက်ဆံရေးကိုပုံဖော်လာနိုင်မည်ဖြစ်သည်။

တရုတ်နည်းပညာများကို ထိန်းချုပ်ရေး အမေရိကန်၏ကြိုးပမ်းမှုသည် ထိရောက်မှုမရှိသည့်အပြင် အခြေခံအားဖြင့် လွဲလွဲချော်ချော်ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်၏မဟာမိတ်များကိုသာ ပြဿနာများ ဖြစ်ပေါ်စေလျက်ရှိသည်။ သာဓကအနေဖြင့် အမေရိကန်အနေဖြင့် အစ္စရေးကို ဖိအားပေးမှုများလုပ်ဆောင်နေသည့်တိုင်အောင် ဂျေရုဆလင်အနေဖြင့် စစ်ရေးမဟုတ်သောနယ်ပယ်များ အထူးသဖြင့် ကုန်သွယ်မှုနယ်ပယ်တွင် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများရှာကြံသွားမည်မှာ သံသယဝင်ရန်မလိုကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**❖ အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏ရေရှည်အကျိုးစီးပွားများရှိနေသည်။ ပါရှန်ပင်လယ်ကွေ့ဒေသမှ ရေနံလွတ်လပ်စွာစီးဆင်းခြင်းသည် ကမ္ဘာ့ရေနံဝယ်ယူမှုအများဆုံးဖြစ်သည့် တရုတ်နိုင်ငံအတွက် များစွာအရေးပါလျက်ရှိသောကြောင့် တရုတ်နိုင်ငံသည် အဆိုပါဒေသ တည်ငြိမ်အေးချမ်းမှုကို မြှင့်တင်လျက်ရှိသည်။ စွမ်းအင်နှင့် အခြားသောကုန်ပစ္စည်းများကို ကုန်းလမ်းက ဖြတ်သန်းသယ်ယူပို့ဆောင်နိုင်မည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအကောင်အထည်ဖော်ခြင်းသည် ပျော့ကွက်ဟာကွက်ရှိသော ပင်လယ်ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းနေရာတွင် အစားထိုးသွားရန်ပင်ဖြစ်သည်။ ❖**

**ကိုးကား**

- **The reality of China's infulence in the Middle East By The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Work coordination meeting on Maravijaya Buddha Image, which is the tallest stone Buddha Statue in seated posture in the world, held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially greets pilgrims from far and near





Senior General Min Aung Hlaing looks round in the ordination hall.

**Nay Pyi Taw August 19**

A work coordination meeting on Maravijaya Buddha Image, which is the tallest stone Buddha Statue in seated posture in the world, located in Dekkhinathiri Township, Nay Pyi Taw, Union Territory, was held at Maravijaya Board of Trustees Office in Maravijaya Buddha Park this afternoon.

Present were the main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, Adviser to SAC Chairman Lt-Gen Nyo Saw, Union Minister for Construction U Myo Thant, Union Minister for Energy U Ko Ko Lwin, Lt-Gen Kyaw Swa Lin, Lt-Gen Kan Myint Than and senior military officers from Office of Commander-in-Chief (Army), the Nay Pyi Taw Command commander, the deputy minister for Religious Affairs and Culture, and officials.

In his address, the Senior General said efforts should be made to develop Nay Pyi Taw as it is the capital city and the administrative centre of Myanmar. Nay Pyi Taw should have the characteristics of a State capital. In the late 2017, former Head of State Senior General Than Shwe transferred a huge marble stone donated to him for turning it into a Buddha Image for public obeisance under the leadership of Tatmadaw. Views were pondered from various angles in erecting the grand Buddha statue in the best way. The best location was selected on the donated land plot for the Image. Careful calculations were made to determine the volume of the marble of the finest quality for curving a 63-foot Buddha Image. Gandakudi chambers and Thudhamma rest houses were also built. The Image was curved into a Bumiphassa posture of the Yadanabon era design. In accord with the counsel of Ovadacariya Sayadaws, Sixth Synod version of Pitaka treatises were written in both Pali and Romanized Language on the stone tablets with the help of advanced equipment.

*See Page 13*



Senior General Min Aung Hlaing greets the pilgrims.



Senior General Min Aung Hlaing greets the pilgrims.



Senior General Min Aung Hlaing greets the pilgrims.


Senior General Min Aung Hlaing gives guidance on maintenance tasks for the Maravijaya Buddha Image.

*From Page 12*


Despite some difficulties during the erection stage, Maravijaya Buddha Image could be built successfully. The account recording total amount of donations was finalized and merits gained were shared on the date the consecration ceremony was held. Maravijaya Buddha Image is the tallest stone Buddha Statue in seated posture in the world. Best cultural designs were applied in building the most awe-inspiring Buddha Image. All the religious buildings, platforms and the whole compound including Maravijaya Buddha Image are marble structures, and their wonderful architectural designs and grandeur are matchless and cannot be found anywhere. Implementation of such a marvelous project once again may be impossible in terms of the availability of a large marble boulder, the degree of systematic supervision and the situation. According to Myanmar traditions, marble is included in the precious and high class gems. Because of its excellent properties, pilgrims can enjoy peace, tranquility and glory and honour. Special attention must be paid in maintaining even the smallest part of the Image. The marble Image should always be kept clean and preserved. Spare parts for maintenance undertakings must always be readily available.

Maintenance programs must be laid down in advance. Employees must be appointed to carry out security, maintenance and electricity supply duties and expense for this program must be taken into account. There are remaining portions of the work and parts for machinery must be supplied in advance. Entrance fees are collected from visitors at the pagodas in some countries. The entrance fee of the Image is fixed at a price affordable for every person. Board of trustees must be set up to carry out maintenance functions. Proper rules should be sought in appointing members of the boards.

Systematic maintenance measures are required to make the surrounding areas of the pagoda green, neat and pleasant. The trees planted including the Maha Bodi banyan tree always need to be green and survive. Meanwhile, the religious buildings need to be maintained. Preparations are necessary for the systematic management of everything. Therefore, any discussions and suggestions are invited for the long-term existence of the Maravijaya Buddha Image.

SAC Chairman's adviser Lt-Gen Nyo Saw reported on the maintenance of the Buddha Image for its existence as long as the world exists and propagation of the Sasana and the peace and prosperity of the country, measures for maintenance, renovation and management, daily visits of civilians, monks, civil servants and students from across the country and their donations, plans for use of e-tickets for admission and collection of fees, no admission fees for monks, nuns and students, collection of half fees from civil servants holding staff identity cards, measures for the long-term existence of the Buddha Image and stone tablet stupas and other religious buildings so long as the world exists, maintenance of the sacred relics of the Buddha Image, supervisions for maintenance tasks, formation of the Ovadacariya committee, patronage committee, maintenance committee, pagoda board of trustees, advisory committee and support committees, and security and other general matters.

Lt-Gen Kyaw Swa Lin from the Office of the Commander-in-Chief (Army) reported on the formation of the pagoda board of trustees and other necessary departments in various sectors, Brig-Gen Zaw Naing Oo on taking of photos of the water fountain square and stone tablet stupas using drones, plans to build two monastery buildings, construction of a brick mountain outside the chamber and two prayer halls, installation of washbasins, a display of things in the archive, construction


Senior General Min Aung Hlaing climbing up by escalator.

of a dining hall for monks, laying of marble on the water fountain square, plans to build ticket boxes at the archways, to install water fountain donors' names, growing of flower plants and windbreaks, assigning of cleaners and guards for the convenience of visitors, and measures for making the pagoda neat and tidy.

Then, Union Minister for Construction U Myo Thant reported to the Senior General on construction of the entrance road from the expressway to the Buddha image, security gates and check points. Nay Pyi Taw Council Chairman U Than Tun Oo reported to the Senior General on upgrading Myat Mingalar Road while Lt-Gen Kan Myint Than of the Office of the Commander-in-Chief (Army) reported to the Senior General on compilation of records for technologies and designs, measures and techniques to be implemented for the durability of the Buddha image. Deputy Minister for Religious Affairs and Culture U Aye Tun reported to the Senior General on formation of the body of Ovadacariya Sayadaws of the Maravijaya Buddha Image and Commander Brig-Gen Wai Lin reported to the Senior General on security measures being taken.

After hearing the reports, the leading donor Senior General said it is necessary to take measures to prevent undisciplined pilgrimages and to consider ways and means to facilitate pilgrimages of government employees. Plans must be developed to reduce the use of electricity and solar lights have been installed to reduce the use of electricity. It is necessary to take measures to supply drinking water without disruption, to take care of trees that have been planted for greening of the precinct of the Buddha image and to cut grass properly. Efforts must be made to park vehicles of pilgrims properly. Plans are underway to allow monks, nuns and students to make pilgrimages to the Buddha image free of charge and to collect only 50 percent of the entrance fees for government employees. Entrance fees will be collected as of 3 September to raise funds for the durability, cleanliness and pleasantness of the Buddha image. In conclusion, the Senior General urged responsible officials to spend the funds depending on the revenues and gave other necessary instructions.

After the meeting, the Senior General and party paid obeisance in the precinct of the Maravijaya Buddha Image, chamber for Buddha images, precinct where the Maha Bodhi banyan tree has been planted, the fountain square and the Aggadhipati Sasana Beikman and cordially greeted public pilgrims.

After auspicious ceremonies to consecrate the Maravijaya Buddha Image, to hoist gold umbrellas atop stupas for stone inscriptions and to share merit were held on a grand scale on 1 August, members of the Sangha and the public have been allowed to make pilgrimages to the Buddha image as of 8 August and the Buddha image is crowded with pilgrims from the entire country every day. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school-teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားPantsir-S လေကြောင်းရန်ကာကွယ်ရေးစနစ်က Storm Shadow ခရုဇ်ဒုံးကျည်များကို ပစ်ချနိုင်ခဲ့



ရုရှား Pantsir-S လေကြောင်းရန် ကာကွယ်ရေးစနစ်က Storm Shadow ခရုဇ်ဒုံးကျည်များကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ Rostec ၏ High Precision Weapons ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များက ဩဂုတ် ၁၇ ရက်တွင် TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

Pantsir-S စနစ်တွင် တာဝေးပစ်မြင်နိုင်စွမ်းနည်းပါးသော Storm Shadow ခရုဇ်ဒုံးကျည်များအပါအဝင် ကြားဖြတ်ပစ်ချရန်ခက်ခဲသော တာဝေးပစ်ဒုံးကျည်များကို ထိရောက်စွာတုံ့ပြန်တိုက်ခိုက်နိုင်စေရန် လိုအပ်သောပြောင်းလဲမှုအားလုံးနှင့်အတူ စွမ်းဆောင်ရည်များအဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း၊ အထူးစစ်ဆင်ရေးအတွင်း လက်တွေ့တိုက်ပွဲဝင်အသုံးပြုနိုင်ခဲ့မှု ရလဒ်များသည် ယခင်ကပြုလုပ်ခဲ့သော ဒီဇိုင်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ၏ မှန်ကန်မှုကိုသက်သေပြနိုင်ခဲ့ခြင်းဖြစ်သည်ဟု Rostec ၏ High Precision Weapons ကုမ္ပဏီမှကိုယ်စားလှယ်တစ်ဦးက TASS သတင်းဌာနသို့ ပြောကြားသည်။

Pantsir-S စနစ်သည် ယူကရိန်းအထူးစစ်ဆင်ရေးမစမီ ကြာမြင့်စွာကတည်းက ခရုဇ်ဒုံးကျည်များအပါအဝင် အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများအတွက် ရည်ရွယ်ထုတ်လုပ်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုအဖြစ် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များမှ ပစ်လွှတ်တိုက်ခိုက်လာသည့် ဒုံးကျည်များကို တုံ့ပြန်ချေမှုန်းရာတွင် အဆင့်မြှင့်တင်ထားသော Pantsir-S လက်နက်စနစ်များ၏ တိုက်ပွဲဝင်ထိရောက်မှုမှာ ၁၀၀ ရာခိုင်နှုန်းအောင်မြင်ခဲ့ကြောင်း TASS သတင်းဌာနသို့ Rostec ၏ High Precision Weapons ကုမ္ပဏီက ထုတ်ပြန်ထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားစစ်ဒေသခရိုင် လက်အောက်ခံ ကြည်းတပ်လေကြောင်းရန် ကာကွယ်ရေးတပ်ရင်းကြီးများမှ Pantsir တပ်ခွဲများကို လုပ်ရှားတပ်များနှင့်အတူ ရှေ့တန်းကျကျအလှည့်ကျတာဝန်ထမ်းဆောင်စေလျက်ရှိရာ Pantsir တပ်ခွဲတိုင်းသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရန်သူ့ပစ်မှတ်အများအပြားကို ရှာဖွေထောက်လှမ်းတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည့် တိုက်ပွဲဝင်မှတ်တမ်းကောင်းများ ပိုင်ဆိုင်နိုင်ခဲ့သည်။

Pantsir-S တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ခရုဇ်ဒုံးကျည်နှင့် ပဲ့ထိန်းဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များနှင့် MLRS ခဲယမ်းများကိုသာမက ယူကရိန်းတပ်ဖွဲ့များမကြာခဏထောက်လှမ်းခြင်းနှင့် Kamikaze တိုက်ခိုက်ရေးဒရုန်းများအဖြစ် အသုံးပြုလေ့ရှိသည့် အလျား ၃၀ စင်တီမီတာ၊ အနံ ၃၀ စင်တီမီတာအရွယ်ရှိ စီးပွားဖြစ်ဒရုန်းများကိုလည်း ထောက်လှမ်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**Efficiency of Pantsir-S air defense system against Storm Shadow missiles improved — Rostec** ကို **ဘာသာပြန်ဆိုထားပါသည်။**

## နော်ဝေနိုင်ငံထံမှ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် အမျိုးအစားသစ်ကို ယူကရိန်းလက်ခံရရှိမည်

ရုရှားနိုင်ငံ၏ အားကောင်းသော Loitering Munitions လက်နက်ခဲယမ်းများတိုးမြှင့်အသုံးပြုနေချိန်တွင် ယူကရိန်းစစ်ဘက်သည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် အမျိုးအစားသစ်ကို နော်ဝေထံမှ လက်ခံရရှိမည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်က The Defense Post တွင် ဖော်ပြထားသည်။

CORTEX Typhon ဟုအမည်ပေးထားသော အဆိုပါတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ရုရှားတပ်ဖွဲ့များ၏ Shahed-136 တိုက်ခိုက်ရေးဒရုန်းများကဲ့သို့သော အခြားဒရုန်းများခြိမ်းခြောက်မှုမှ အရေးပါသော အချက်အချာနေရာများကို အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်လွှဲပြောင်းပေးခြင်းသည် ယူကရိန်းနိုင်ငံအတွက် ကာကွယ်ရေးပစ္စည်းများကိုဝယ်ယူရန် နိုင်ငံတကာမိတ်ဖက်များထံမှ ရန်ပုံငွေ ယန္တရားဖြစ်သည့် နိုင်ငံတကာရန်ပုံငွေအဖွဲ့မှတစ်ဆင့် ပေးချေသွားနိုင်ဖွယ်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းစစ်ဘက်အတွက် စွမ်းရည်သစ်များပေးအပ်ရန် ယူရို ၅၆ သန်း (အမေရိကန်ဒေါ်လာ ၇၁ သန်း) ရရှိခဲ့ကြောင်း နော်ဝေနိုင်ငံမှ Kongsberg ကုမ္ပဏီဥက္ကဋ္ဌ Eirik Lie က ထုတ်ဖော်ပြောကြားခဲ့သည်။

"ဒီဝယ်ယူရေးစာချုပ်က ယူကရိန်းစစ်ဘက်အတွက် သိသာထင်ရှားတဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမှာဖြစ်ပြီး သူတို့ရဲ့ ပြည်သူတွေကိုကာကွယ်ဖို့နဲ့ သူတို့ရဲ့နိုင်ငံကို လေကြောင်းခြိမ်းခြောက်မှုကနေ ကာကွယ်နိုင်မှာပါ" ဟု Kongsberg ကုမ္ပဏီဥက္ကဋ္ဌ Eirik Lie က ရှင်းပြခဲ့သည်။

Kongsberg ကုမ္ပဏီသည် ဝယ်ယူရေးအမှာစာအောက်ရှိ CORTEX Typhon တန်ပြန်ဒရုန်းစနစ်များ မည်မျှထောက်ပံ့ပေးမည်ဆိုသည့် အရေအတွက်အတိအကျသို့မဟုတ် ပေးပို့မည်ရက်စွဲတို့ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမျိုးတော့ မရှိပေ။

CORTEX Typhon တန်ပြန်ဒရုန်းစနစ်သည် Teledyne FLIR ကုမ္ပဏီနှင့် ပူးပေါင်း၍ ထုတ်လုပ်ထားသောစစ်မြေပြင်သုံး သက်သေပြထားနိုင်သည့် ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲစနစ်များကို ပေါင်းစပ်အသုံးပြုထားသည်။ ၎င်းတွင် ဒရုန်းများကို ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဖျက်ဆီးနိုင်မှု သို့မဟုတ် ဝေဟင်မှ ခြိမ်းခြောက်မှုကို ဖယ်ရှားရှင်းလင်းနိုင်မှုတို့ပြုလုပ်နိုင်ရန် အဆင့်မြင့်ဖြေရှင်းချက်နည်းလမ်းများ ပိုင်ဆိုင်ထားသည်ဟု သိရသည်။

တန်ပြန်ဒရုန်းတိုက်ဖျက်ရေး စနစ်တွင် အဓိကအစိတ်အပိုင်း သုံးခုပါဝင်သည်။ ထောက်လှမ်းရေးနှင့် ပစ်မှတ်ရှာဖွေရေးရေဒါ၊ PROTECTOR RS6 အဝေးထိန်းလက်နက်စခန်း(RWS)နှင့် CORTEX ပေါင်းစပ်တိုက်ခိုက်ရေးစနစ် (ICS) တို့ ပါဝင်မည်ဖြစ်သည်။



ယူကရိန်းအတွက် ပေးအပ်မည့်စနစ်တွင် အဝေးထိန်းလက်နက်စခန်း (RWS) သည် မီလီမီတာ ၄၀ အလိုအလျောက်ဗုံးပစ်လောင်ချာအစား M230 LF မီလီမီတာ 30 စက်အမြောက်ကို တပ်ဆင်ပေးသွားရန် စီစဉ်ထားသည်။

တစ်ချိန်တည်းတွင် CORTEX (ICS) တိုက်ခိုက်ရေးစနစ်သည် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုလုံးကို ထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

"ဒီစနစ်က ယူကရိန်းနိုင်ငံသားတွေကို ကာကွယ်ရာမှာ အရေးကြီးပါတယ်"ဟု နော်ဝေကာကွယ်ရေးဝန်ကြီး Bjørn Arild Gram ၏ ပြောကြားချက် အပေါ် ကိုးကား၍ Kyiv Post တွင် ရေးသားထားသည်။

ရုရှားနိုင်ငံသည် အရေးကြီးသော ယူကရိန်းစစ်ဘက်အခြေခံအဆောက်အအုံများကို Loitering Munitions များကို အသုံးပြု လေကြောင်းတိုက်ခိုက်မှုများ မြင့်မားလာချိန်တွင် ယခုကဲ့သို့ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်းမြို့တော်ကို မေလအတွင်းကလည်း ရုရှားဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးသေဆုံးခဲ့သည်။ ရုရှားတို့၏ ဒရုန်းဖြင့်တိုက်ခိုက်မှုများကြောင့် မဟာဗျူဟာမြောက် ယူကရိန်းဆိပ်ကမ်း Odesaတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယူကရိန်းနိုင်ငံသည် ဝင်ရောက်လာသော ဒရုန်းတိုက်ခိုက်မှုများကို ကြားဖြတ်ဟန့်တားရန်အတွက် အီလက်ထရွန်နစ်နည်းပညာများ ဖြန့်ကြက်အသုံးပြုရာတွင် ရုရှားနိုင်ငံထက် များစွာနောက်ကျကျန်နေခဲ့ကြောင်း ယူကရိန်းစစ်ဘက်က ဝန်ခံပြောကြားခဲ့သည်။

**Ukraine to Receive New Type of Anti-Drone System From Norway** ကို **ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၈၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၈၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၂၉၀၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၁၂၈၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးမှုက တိုးတက်မှုရှိပါတယ်။ စားသုံးဆီ ဖူလုံရေးနဲ့ ဆီထွက်သီးနှံ တိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဒီနှစ်မိုးကာလမှာ ဆီထွက်သီးနှံဧက ၁၂၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၂၈၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးမြေပဲ ၁၂၈၄၉ ဧက၊ မိုးနေကြာ ၃၆ ဧက စုစုပေါင်း ၁၂၈၈၅ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးမြေပဲ ၁၂၈၆၇ ဧက၊ မိုးနေကြာ ၃၆ ဧက စုစုပေါင်း ၁၂၉၀၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆီထွက်သီးနှံစိုက်တောင်သူများကို ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ ကုန်ထုတ်တံတား Slab Curvert တစ်စင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်ရေးအတွက် ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ ကုန်ထုတ်တံတား Slab Curvert တစ်စင်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ဥသျှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။



အဆိုပါ ကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ သုံးပေ၊ အမြင့် သုံးပေရှိ ကုန်ထုတ်တံတားSlab Curvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၁၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာမှ တောင်သူများ၏ လယ်မြေဧက ၁၁၀ မှ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ကော့မှူးမြို့နယ် ရေတာရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**ကော့မှူး ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတာရှည်ကျေးရွာ၌ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း မဏ္ဍပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ရေတာရှည်ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကို ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရေတာရှည်ကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

စာမျက်နှာ ၁၇ မှအဆက်

ဆောင်ရွက်နိုင်ရေးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓသန္တကပစ္စည်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ ဂေါပကအကြံပေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုံခြုံရေးဆိုင်ရာများနှင့် ဘုရားကြီးဝေယျာဝစ္စနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂေါပကအဖွဲ့များဖွဲ့စည်းခြင်း၊ ကဏ္ဍများအလိုက် လိုအပ်သည့်ဌာနများဖွဲ့စည်းရန် လျာထားမှုများကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် ၃၆၀ ဒီဂရီ ဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ရဟန္တာကျောင်းဆောင်တော် နှစ်ဆောင်ဆောက်လုပ်ရန် လျာထားဆောင်ရွက်နေမှု၊ ဂန္ဓကုဋိတိုက်အပြင်ဘက်တွင် အင်္ဂတေစိန်တောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်းနှစ်ဆောင်တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များတပ်ဆင်ပြီးစီးမှု၊ မော်ကွန်းတိုက်အတွင်း ပစ္စည်းများထည့်သွင်းပြသထားရှိမှု၊ ဆွမ်းစားဆောင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မုခ်ဦးများ၌ လက်မှတ်အရောင်းဌာနများ တည်ဆောက်ရန်လျာထားမှု၊ ရေပန်းဝိုင်းအလှူရှင်ကမ္ပည်းများ တပ်ဆင်ရန်လျာထားမှု၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးနေသည့် အခြေအနေများ၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် သန့်ရှင်းရေးနှင့် စောင့်ကြည့်ဝန်ထမ်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဘုရားကြီး သန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

၎င်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမြန်လမ်းမှ ဘုရားကြီးသို့ အဝင်လမ်းဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဂိတ်၊ စစ်ဆေးရေးဂိတ်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မြတ်မင်္ဂလာလမ်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက နည်းပညာမှတ်တမ်းစာအုပ်နှင့် ဒီဇိုင်းပိုင်းဆိုင်ရာမှတ်တမ်းစာအုပ်များ ပြုစုဆောင်ရွက်ထားရှိမှု၊ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်သွားရမည့် အချက်များနှင့် နည်းလမ်းများ ပြုစုဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မာရဝိဇယဘုရားကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ဝင်ရောက်မှုများ မရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများ သွားလာမှုအဆင်ပြေစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုကို လျှော့ချပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ သောက်သုံးရေများလည်း စဉ်ဆက်မပြတ်ရရှိအောင် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းသာယာစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်နှင့် မြက်ဖြတ်ခြင်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ဘုရားဖူးကားများစနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချ ကောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးတည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ငွေကြေးများရရှိရေး စက်တင်ဘာ ၃ ရက် နောက်ပိုင်းတွင် ဝင်ကြေးငွေ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ရရှိသည့်အခြေအနေအပေါ် မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းပြောကြားပြီး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် အစည်းအဝေးအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ကြီးတွင်လည်းကောင်း၊ ဂန္ဓကုဋိတိုက်များတွင်လည်းကောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင်ပရိဝုဏ်အတွင်းတွင်လည်းကောင်း၊ ရေပန်းရင်ပြင်တွင်လည်းကောင်း၊ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး အတွင်းလည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပေးခဲ့ကာ နေ့စဉ် နိုင်ငံတစ်ဝန်းမှ ရဟန်းရှင်လူပြည်သူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖူလုံလုံမြှင့်ရန် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အမှတ်(၂) စိုက်ပျိုးမွေးမြူရေးစခန်း၌ ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူပြုစေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ကြီးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစခန်း (ဝါးနက်ချောင်း) နှင့် အမှတ်(၂) စိုက်ပျိုး၊မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖူလုံပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤➤➤

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးအခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ကျောက်ဖြူမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kaung-htike4" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နေ ကောင်းထိုက်စံ(ခ) ဖိုးသားအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Aung Pyae Sone" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အပြောင်ကျေးရွာနေ အောင်ပြည့်စုံကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၆ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးအေးအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးများ၊ UMFCCI အသင်းချုပ်ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း ပြန်လည်လိုက်ပါခဲ့သည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Economic & Commercial Cpunsellor ဖြစ်သူ Ouyang Daobing နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ ခရိုင်၊မြို့နယ်၊ ခြံများမှ ဦးစီးမှူးများနှင့် တာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးနိုင်သော မြေဧရိယာပေါ်တွင် စပါး၊ဝါ၊နှမ်း၊ကြာ၊ပဲမျိုးစုံ၊ကြံစသည့် သီးနှံများအပြင် အခြားသီးနှံများအပါအဝင် နှစ်စဉ်ဧကသိန်း ၅၀ ကျော် စိုက်ပျိုးထုတ်လုပ်နေမှု၊ အရည်အသွေးမီ သွင်းအားစုများ စိုက်ပျိုးချိန်မီသုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိရေးဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနေမှုစသည်ဖြင့်လုပ်ငန်းများဆောင်ရွက်နေမှုများအပေါ် ဖြည့်စွက်ပြောကြားသည်။

ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဌာနစိတ်တာဝန်ခံများ၊ အစည်းအဝေး တက်ရောက်လာကြသူများနှင့် အွန်လိုင်းမှ တက်ရောက်ကြသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ် ၂၅ ရက်(သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင်လက်ခံမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၄) | မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၅) | မိတ္ထီလာတက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၆) | ကျောက်ဆည်တက္ကသိုလ် |
| (၄) | ဟားခါးတက္ကသိုလ် | (၁၇) | မော်လမြိုင်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၈) | စစ်တွေတက္ကသိုလ် |
| (၆) | ရွှေဘိုတက္ကသိုလ် | (၁၉) | တောင်ကုတ်တက္ကသိုလ် |
| (၇) | စစ်ကိုင်းတက္ကသိုလ် | (၂၀) | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၈) | ထားဝယ်တက္ကသိုလ် | (၂၁) | တောင်ကြီးတက္ကသိုလ် |
| (၉) | တောင်ငူတက္ကသိုလ် | (၂၂) | လားရှိုးတက္ကသိုလ် |
| (၁၀) | ပြည်တက္ကသိုလ် | (၂၃) | ကျိုင်းတုံတက္ကသိုလ် |
| (၁၁) | ပဲခူးတက္ကသိုလ် | (၂၄) | ပုသိမ်တက္ကသိုလ် |
| (၁၂) | မကွေးတက္ကသိုလ် | (၂၅) | ဟင်္သာတတက္ကသိုလ် |
| (၁၃) | ပခုက္ကူတက္ကသိုလ် | (၂၆) | မအူပင်တက္ကသိုလ် |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇၊ ၀၁၇-၅၂၅၆၁၂ နှင့် ၀၁၇-၅၀၃၁၄၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

# ဩဂုတ် ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၅၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

စည်ကားလျက်ရှိသကဲ့သို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက တရုတ်လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မြန်မာနှင့် တရုတ်လုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသည့် မြန်မာလုပ်ငန်းရှင်များသည် ကူမင်းမြို့ရှိ China South Asia Southeast Asia Cross Border e-commerce Industry Center သို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါ Centerသည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှကုန်စည်များကို Live Sale ရောင်းချပေးနေသောနေရာဖြစ်ပြီး မြန်မာလုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်ပစ္စည်းနမူနာများကိုပါဝင်ပြသကြသည်။ Center တွင် မြန်မာနိုင်ငံမှထွက်ရှိသော ကုန်ပစ္စည်းများကို Live Sale ရောင်းချနိုင်သည့် Broadcast Room တစ်ခုကိုလည်းဖွင့်လှစ်ထားသည်ကို လေ့လာခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **မြန်မာအမျိုးသမီးလိဂ်မှ**

ဖိအားပေးထားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အခြားပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ကစားခဲ့သည့် Sports & Education အသင်းနှင့် Young Lionesses အသင်းတို့ပွဲစဉ်တွင်လည်း Sports & Education အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ် ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော်လာရောက် ဖူးမြော်ကြည်ညို အထူးစည်ကားများပြား





ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိမှုကို တွေ့မြင်ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ တို့အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် စက်တင်ဘာ ၃ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင်စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့်



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မြို့ဦးစေတီ ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်း ရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်းနှင့် မြစ်ငယ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၊ အပြင်တို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေ ပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# သတိပြုသင့်သည့် ပြည်ဖျက်ကြေးစားများအန္တရာယ်

မင်းခန့်

ယနေ့ ၂၁ ရာစု သတင်းအချက်အလက်နှင့် နည်းပညာခေတ်မှာ အင်အားကြီးနိုင်ငံများဟာ အင်အားငယ်နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် လူမှုရေးအပါအဝင် အဲ့ဒီနိုင်ငံရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးတွေကို ထိန်းချုပ်နိုင်ဖို့အတွက် အဲ့ဒီနိုင်ငံသားတွေရဲ့ စိတ်ခံစားချက်များကို လွှမ်းမိုးခြယ်လှယ်ပြီး သူတို့လိုရာကို လုပ်ဆောင်စေတဲ့ နည်းလမ်းကို အသုံးပြုလျက်ရှိပါတယ်။ တစ်နည်းအားဖြင့် အင်အားကြီးနိုင်ငံများက သူတို့ရဲ့အကျိုးစီးပွားအတွက် အခြားနိုင်ငံတစ်နိုင်ငံကို စစ်ရေးအရ တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်ခြင်းမပြုလုပ်ဘဲ ပစ်မှတ်နိုင်ငံကို ပြိုလဲသွားအောင်နဲ့ လွှမ်းမိုးခြယ်လှယ်နိုင်အောင်လုပ်နေတဲ့ အဲဒီနည်းလမ်းဟာ ခေတ်သစ်ကျူးကျော်စွက်ဖက်တဲ့ပုံစံလို့လည်း ဆိုကြပါတယ်။

အဲ့ဒီလိုလုပ်ဆောင်နိုင်ဖို့ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဖြစ်တဲ့ ကွန်ပျူတာအခြေခံ AI နည်းပညာကို အသုံးချပြီး လူမှုကွန်ရက်(Social Media) အပါအဝင် သတင်းမီဒီယာများမှတစ်ဆင့် သူတို့ဖြစ်စေချင်တဲ့အတိုင်း ပြည်သူအများကလိုက်ပါပြောဆိုလုပ်ကိုင်လာစေမယ့် စိတ်နေစိတ်ထားများဖြစ်လာအောင် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

သူတို့လုပ်နေတဲ့ စိတ်ဓာတ်စစ်ဆင်ရေးပုံစံဟာ မီဒီယာအမည်ခံ သတင်းဌာနမျိုးစုံကနေ သတင်းအမှားများ၊ သတင်းအတုများ၊ အမှားအမှန်ရောထွေးသတင်းများ၊ ဘက်လိုက်ပြီး အမှန်ကိုမျက်ကွယ်ပြုကာ လိုရာဆွဲသတင်းများကို တမင်ဖန်တီးပြီး လူမှုအသိုက်အဝန်းအတွင်း ကျယ်ပြန့်စွာရောက်ရှိအောင် ထပ်ခါတလဲလဲ နေ့စဉ်ထုတ်လွှင့်နေခြင်းဖြစ်ပါတယ်။

ဒီလိုထုတ်လွှင့်တဲ့သတင်းတွေကို ပြည်သူလူထုရဲ့ စိတ်ထဲမှာ လိုရာဆွဲအမှန်သတင်းများ ဖြစ်စေဖို့အတွက် AI နည်းပညာနဲ့ ပြည်သူလူထုအကြားများများပျံ့နှံ့အောင်လုပ်ပြီး ပြည်သူတွေအနေနဲ့ ကြားသိရဖန်များလာရင် အမှန်ထင်လာအောင် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ Facebook ကဲ့သို့ လူတိုင်းနီးပါးအသုံးပြုနေတဲ့ Social Media Platform ကို အမိအရအသုံးချပြီး အဲဒီနည်းလမ်းနဲ့ ပြည်သူတွေရဲ့ စိတ်ခံစားချက်တွေကို သူတို့လိုရာလွှမ်းမိုးခြယ်လှယ်နိုင်ဖို့ ပြည်ပအထောက်အပံ့ခံ ပြည်ဖျက်မီဒီယာများ၊ ပြည်ပသြဇာခံ လူမှုအဖွဲ့အစည်းများ၊ အမည်အမျိုးမျိုးနဲ့ရပ်တည်နေတဲ့ ပြည်တွင်း၊ ပြည်ပက Think-Tank အဖွဲ့များက ရည်ရွယ်ချက်ရှိရှိ စိတ်ဓာတ်စစ်ဆင်ရေးလုပ်နေတာတွေကို ထင်ရှားစွာမြင်တွေ့ကြရမှာဖြစ်ပါတယ်။

ဒီအဖွဲ့တွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ တပ်မတော်အတွင်း သပ်လျှိုသွေးခွဲဖို့၊ ပြည်သူနဲ့ တပ်မတော်ကို ရန်တိုက်ပေးဖို့၊ မြန်မာပြည်သူအများစုကိုးကွယ်တဲ့ဗုဒ္ဓဘာသာကို နှိမ့်ချစော်ကားဖို့၊ ပြည်သူတွေကြားထဲ အစွန်းရောက်စိတ်တွေပျံ့နှံ့လာအောင် လုပ်ဆောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်အောင်လုပ်ဖို့နဲ့ နောက်ဆုံးမှာသူတို့လိုလားတဲ့ သြဇာခံအစိုးရတစ်ရပ်ဖြစ်အောင် လုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ တပ်မတော်က ဦးဆောင်ကြိုးပမ်းခဲ့တဲ့ ငြိမ်းချမ်းစွာဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအတွင်းမှာ

> **ဒီလိုလုပ်ကြံသတင်းတု/ သတင်းမှားတွေနဲ့ပတ်သက်ပြီး စိစစ်ထားတဲ့ အချက်အလက်တွေအရ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times မြေလတ်အသံအစရှိတဲ့ ပြည်တွင်း/ပြည်ပ ကြေးစားမီဒီယာ ၆ ခု အပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်းတင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိလို့သတင်းအတု၊ သတင်းအမှား စုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။**

ပြည်သူလူထုကို လွတ်လပ်မှုအခွင့်အရေးတွေ ပြန်လည်အပ်နှင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) စတင်အသက်ဝင်ကျင့်သုံးလာခဲ့တာကို အခွင့်ကောင်းယူပြီး ကြေးစားမီဒီယာအမည်ခံအဖွဲ့အစည်း၊ ပရဟိတအမည်ခံ လူမှုအဖွဲ့အစည်းတို့ဟာ နည်းလမ်းမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံနဲ့ မြန်မာနိုင်ငံအတွင်းမှာ ခြေကုပ်ယူခဲ့ကြတာဖြစ်ပါတယ်။

ဒီအဖွဲ့တွေဟာ အစကနဦးမှာတော့ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားအတွက် ရှေ့ရှုသယောင်ပြခဲ့ကြပေမယ့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ NLD အစိုးရရဲ့ အာဏာအလွဲသုံးစားမှု၊ အခြေခံဥပဒေချိုးဖောက်မှု၊ မဲလိမ်/မဲခိုးမှုတွေကြောင့် တပ်မတော်က အာဏာထိန်းပြီးတဲ့နောက်မှာတော့ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျသွားကြပါတယ်။ သူတို့ကိုထောက်ပံ့ပေးထားတဲ့ အနောက်အုပ်စုအလိုကျ အတွေးအခေါ်၊ အယူအဆတွေ၊ ဝါဒဖြန့်သတင်းတွေနဲ့ သုတေသနအချက်အလက်တွေကိုသာ အဆက်မပြတ်ထုတ်လွှင့်ပြီး မြန်မာနိုင်ငံမှာ အစွန်းရောက်စိတ်ဓာတ် ပြန့်ပွားဖို့အတွက် မီးလောင်ရာလေပင့် လုပ်ဆောင်လာကြပါတော့တယ်။

အရင်ကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှိုင်းအတက်မှာ အခွင့်ကောင်းယူလှေကြုံစီးပြီး ပြည်တွင်းဥပဒေများအရ တရားဝင်အဖွဲ့အစည်းများအဖြစ် ရပ်တည်ခဲ့ကြပေမယ့် အခုနိုင်ငံရေးအပြောင်းအလဲနောက်ပိုင်း ပြည်တွင်းမှာ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိကြတော့ဘဲ ပြည်ပနိုင်ငံများကို တိမ်းရှောင်သွားကြပါတယ်။ ပြည်တွင်းမှာ သူတို့အခိုင်အမာတည်ဆောက်ခဲ့တဲ့ သတင်းကွန်ရက်တွေကို အသုံးချပြီး သူတို့နောက်ကွယ်က ကြိုးကိုင်ညွှန်ကြားနေတဲ့ နိုင်ငံကြီးများ ဇာတ်ညွှန်းအတိုင်း မြန်မာနိုင်ငံပြိုကွဲပျက်စီးရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အစွန်းရောက်အတွေးအခေါ် သဘောတရားများ ပြန့်ပွားရေးတို့ကို ပြောင်ပြောင်တင်းတင်း ဆက်လက်လုပ်ဆောင်လာကြပါတော့တယ်။

ဒီအဖွဲ့အစည်းတွေရဲ့ အဓိကပင်မအရင်းအမြစ်များ ပြည်ပကိုတိမ်းရှောင်ထွက်ခွာသွားကြပြီဖြစ်ပေမယ့် သူတို့တည်ဆောက်ခဲ့တဲ့ ကွန်ရက်များကတော့ ပြည်တွင်းမှာ အရှိန်တစ်ခုနဲ့ ဆက်လက်လည်ပတ်နေဆဲဖြစ်ပါတယ်။

တချို့သော Think-Tank အဖွဲ့အစည်းတွေဆိုရင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကူညီပံ့ပိုးရေးခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခတွေကို အဓိကထားလေ့လာနေကြသလို မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ တရုတ်ရဲ့မူဝါဒတွေ၊ လွှမ်းမိုးမှုတွေကိုလေ့လာကြပြီး တရုတ်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးနေမှုမှာ အရေးကြီးတဲ့အချက်အလက်တွေကို ဆန်းစစ်နေကြပါတယ်။ မြန်မာလူငယ်တွေကိုလည်း အနောက်အုပ်စုအတွေးအခေါ် သဘောတရားဖြစ်တဲ့ အစွန်းရောက်လစ်ဘရယ်သဘောတရား လွှမ်းမိုးမယ့်သင်တန်းတွေကို အခမဲ့ဖွင့်လှစ်သင်ကြားပေးတာတွေ ဆောင်ရွက်နေပါတယ်။ တချို့ကတော့ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ အခါတော်ပေးတွေ၊ လော်ဘီတွေအဖြစ်ဆောင်ရွက်ကြပြီး တပ်ပြေးအဖွဲ့တွေကိုလည်း လေ့ကျင့်ပေးတာ၊ စပွန်ဆာပေးတာတွေ လုပ်ကြပါတယ်။

ဒီလိုလုပ်ဆောင်နေမှုများဟာ ခရီးသွားဟန်လွှဲ စိတ်ကူးတည့်ရာ လုပ်ဆောင်နေကြခြင်းမျိုးမဟုတ်ဘဲ ဘက်စုံစစ်ပွဲ (Multidimensional warfare) သဘောတရားထဲကတစ်ခုဖြစ်တဲ့ သဘောတရားရေးနည်းလမ်း (Ideological Means) နဲ့ မြန်မာနိုင်ငံအပေါ် စစ်ပြုနေခြင်းဖြစ်ပြီး အဲဒီစစ်ပွဲရဲ့ အဓိကလက်နက်ကတော့ လူတွေကြားထဲ လက်လှမ်းမီစွာ အသုံးပြုနေကြတဲ့ အင်တာနက်လူမှုကွန်ရက်များပဲ ဖြစ်ပါတယ်။ နိုင်ငံကြီးများရဲ့ တရားဝင်/တရားမဝင်အားပေးထောက်ပံ့ပေးမှုများအရ ငွေအား၊ လူသားအရင်းအမြစ်အားနဲ့ နည်းပညာအားကို အသုံးချပြီး အင်တာနက်လူမှုကွန်ရက်တွေမှာ အစွန်းရောက်သဘောတရားများပျံ့နှံ့စေပြီး သမ္မတတဲ့ အတွေးအခေါ်၊ အရေးအသား၊ ဆွေးနွေးမှုများကို ပိတ်ပင်တားဆီးကာ ဝါဒဖြန့်ချိရေးနည်းလမ်း (Propaganda Means)နဲ့ မြန်မာပြည်သူများကို အသိမှား၊ အမြင်မှားအောင် မှိုင်းတိုက်စစ်ဆင်နွှဲနေကြခြင်းသာဖြစ်ပါတယ်။

ဝါဒဖြန့်ချိရေးနည်းလမ်းမှာ ရှေ့တန်းကျကျ ပါဝင်တိုက်ခိုက်နေကြတာကတော့ ပြည်ပအထောက်အပံ့ခံ ကြေးစားမီဒီယာများ ဖြစ်ကြပါတယ်။ ကြေးစားမီဒီယာတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းကစလို့ ဆန္ဒပြမှုတွေအပါအဝင် NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဘက်က နည်းမျိုးစုံနဲ့ တစ်ဖက်သတ်ဝါဒဖြန့်ချိရေးလုပ်ပေးနေရင်း မြေပြင်အခြေအနေနဲ့ တဖြည်းဖြည်းဝေးကွာလာကြပါတယ်။ သူတို့ဖြစ်စေချင်၊ မြင်စေချင်၊ ထင်စေချင်တဲ့ အကြောင်းအရာတွေကို အတင်းကာရော ယုတ္တိတန်၍၊ မတန်၍တောင် မဆင်ခြင်နိုင်တော့ဘဲ အကြီးအကျယ်ဝါဒဖြန့်နိုင်ဖို့ လုပ်ကြံသတင်းအတုတွေ နေ့စဉ်ထုတ်လွှင့်လျက်ရှိပါတယ်။ သူတို့ရဲ့ သတင်းအတုများဟာ လက်တွေ့နဲ့ ကင်းကွာသည်ထက် ကင်းကွာလာတာကြောင့် ပြည်သူတွေရဲ့ယုံကြည်မှု တဖြည်းဖြည်းကျဆင်းလာပေမယ့် ထပ်ခါတလဲလဲထုတ်လွှင့်မှုများကြောင့် ထင်ယောင်ထင်မှားနဲ့ ယုံကြည်နေသူများလည်း အထိုက်အလျောက်ရှိနေပါတယ်။

**ဒီလိုလုပ်ကြံသတင်းတု/ သတင်းမှားတွေနဲ့ပတ်သက်ပြီး စိစစ်ထားတဲ့အချက်အလက်တွေအရ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times၊ မြေလတ်အသံအစရှိတဲ့ ပြည်တွင်း/ပြည်ပ ကြေးစား မီဒီယာ ၆ ခု အပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်းတင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိလို့ သတင်းအတု၊ သတင်းအမှား စုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်း ရှိတယ်လို့သိရပါတယ်။** ဒီအချက်အလက်တွေက ကြေးစားမီဒီယာတွေရဲ့ဝါဒဖြန့်ချိရေးကို အရှိန်မြှင့်နေတဲ့ သက်သေတစ်ခုဖြစ်ပါတယ်။

ကြေးစားမီဒီယာတွေရဲ့ထင်ရှားတဲ့ သတင်းအတု/သတင်းအမှားနဲ့ ဝါဒဖြန့်ချိရေးသတင်းတစ်ခုကို ဥပမာပြရရင် ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၉ မိုင် ၄ ဖာလုံအနီးမှာ စစ်ထောက်ချုပ်ယာဉ်တန်း ကား ၁၀ စီး ကို PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက မိုင်းခွဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး ကြေးစားမီဒီယာပေါင်းစုံကနေ ထပ်တလဲလဲဖော်ပြခဲ့ကြပါတယ်။ ဒီသတင်းကို Mizzima နဲ့ Khit Thit က ဦးဆောင်ဖော်ပြပြီး ကျန်တဲ့ ကြေးစားမီဒီယာနဲ့ Facebook Page တွေ၊ အကောင့်အတုတွေကနေ ထပ်ဆင့်ဖော်ပြကြပါတယ်။ အမှန်တကယ်တော့ ဖြစ်စဉ်အမှန်က ကားလမ်းနဲ့ မီတာ ၁၀၀ လောက်ဝေးတဲ့နေရာမှာ ပြောက်အိုးအကြီးစားလို့ဆိုနိုင်တဲ့ လက်လုပ်မိုင်းဖောက်ခွဲပြီး သတင်းအတု၊ သတင်းအမှား ထုတ်လွှင့်ကြတာဖြစ်ပါတယ်။ ဒါက သူတို့ရဲ့ ဝါဒဖြန့်ချိတဲ့ ပုံစံဖြစ်ပါတယ်။

**ဒီလိုပြည်ပလက်ဝေခံ မီဒီယာတွေရဲ့ သတင်းအတု၊သတင်းအမှားများဟာ သူတို့အမွှမ်းတင် ဝါဒဖြန့်ချိနေတဲ့ တော်လှန်ရေးလုပ်ရပ်အဖြစ် ပုံဖော်နေကြပေမယ့် လက်တွေ့မြေပြင်မှာတော့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်များကိုဦးတည်ပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထိခိုက်စေတဲ့ အကြမ်းဖက်လုပ်ရပ်များ ဖြစ်နေပါတယ်။ အပြစ်မဲ့ ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သံဃာတော်တွေ၊ ကျောင်းဆရာ/ ဆရာမတွေနဲ့ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ သာမန်ပြည်သူတွေကို လက်နက်အားကိုး သတ်ဖြတ်တဲ့လုပ်ရပ်တွေဟာ ကနဦးရည်ရွယ်ချက်က NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြောက်တရားပြန့်ပွားရေးမူနဲ့ သူတို့ကိုအားပေးထောက်ခံလာဖို့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။**

**စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

**ဒီလိုကြေးစားမီဒီယာတွေကနေ သတင်းအတု/ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အရှိန်မြင့်လုပ်ကြံထုတ်လွှင့်နေတာက သတင်းအမှန်မရရှိတဲ့ ပြည်သူတွေအနေနဲ့ တပ်မတော် အပေါ် ယုံကြည်မှုကျဆင်းလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပျက်ပြားပြီး PDF အမည်ခံအကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ အကြမ်းဖက်မှုတွေ ပိုမိုကျူးလွန်လာကြအောင် မီးထိုးယပ်ခတ်ပေးနေတာဖြစ်ပါတယ်။**

**အထူးသဖြင့် ငါနဲ့မတူငါ့ရန်သူအယူအဆနှင့် ဒလန်ခေါင်းစဉ်တပ်ပြီး လုပ်ကြံသတ်ဖြတ်မှုတွေ ပရမ်းပတာလုပ်ဆောင်လာလို့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူအများစုက NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သမားများအဖြစ် ရှုမြင်စက်ဆုပ် ပြစ်တင်ရှုတ်ချလျက်ရှိပါတယ်။**

အနီးစပ်ဆုံးဥပမာအနေနဲ့ကတော့ ဩဂုတ်လ ၁၀ ရက်နေ့ မုံရွာမြို့ ထန်းတောရပ်ကွက်က ကိုယ်ဝန်ဆောင်သည် မအေးငြိမ်းသူကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဓားပြတိုက် ပစ္စည်းယူလုသတ်ခဲ့တဲ့ဖြစ်စဉ်ဟာ NUG အဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများရဲ့ လူသားမဆန်ရိုင်းစိုင်းယုတ်မာတဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ဒီသတင်းကို ပြည်ပအထောက်အပံ့ခံကြေးစားမီဒီယာတွေက PDF အမည်ခံအကြမ်းဖက်သမားများရဲ့ ဆိုးရွားတဲ့အကြမ်းဖက်သတ်ဖြတ်မှုကိုဖုံးကွယ်ဖို့ သာမန်ဓားပြတိုက်မှုအနေဖြင့်သာ ခပ်ပါးပါးသတင်းထုတ်ခဲ့ကြပေမယ့် ဖြစ်စဉ်အမှန်ဟာ ဘယ်လိုမှ ဖုံးဖိလို့မရတဲ့ NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့တစ်ခုက ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ သူတို့ကို မထောက်ခံသူများထံကနေ ပစ္စည်းယူလုသတ်ခဲ့တဲ့လုပ်ရပ်ဖြစ်ကြောင်း ပေါ်လွင်ခဲ့လို့ ကြားသိမြင်တွေ့ရသူတိုင်း အံ့သြတုန်လှုပ် စိတ်မကောင်းဖြစ်ကြရပါတယ်။

ဒါကြောင့်လည်း အခုနောက်ပိုင်းမှာ PDF အမည်ခံအကြမ်းဖက်သမားတွေရဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ပြည်သူကို ထိတ်လန့်ကြောက်ရွံ့အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်နေမှုတွေ၊ ခိုးဆိုးလုယက် ဓားပြတိုက်မှုတွေကိုပြည်သူတွေက လက်မခံကြတော့ဘဲ သက်ဆိုင်ရာတာဝန်ရှိသူ အစိုးရလုံခြုံရေးတပ်ဖွဲ့များကို သတင်းပေးတိုင်ကြားလာကြပါတယ်။ မြို့ရွာတိုင်းမှာ တာဝန်သိပြည်သူများဟာ အစိုးရနဲ့ ပူးပေါင်းပြီး ရပ်ရွာအေးချမ်းသာယာရေးကို ပူးပေါင်းလုပ်ဆောင်လာကြတာကြောင့် PDF အမည်ခံအကြမ်းဖက်သမားဆိုတဲ့ အသံကြားတာနဲ့ ဝိုင်းဝန်းသတင်းပေးကြလို့ ယခုနောက်ပိုင်းဖြစ်စဉ်တွေမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း အကြမ်းဖက်သမားတွေကို ဖမ်းမိလာကြတာကို သတိပြုမိကြပါလိမ့်မယ်။

တော်လှန်ရေးခေါင်းစဉ်နဲ့ မြန်မာပြည်ပျက်စီးရေး ဦးတည်လုပ်ဆောင်နေတဲ့ NUG/ PDF အမည်ခံအကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်မှုတွေဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်ကို မထောက်ခံတဲ့ NLD ပါတီဝင်တွေကိုပါ သတ်ဖြတ်လုပ်ကြံတာနဲ့ PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေအချင်းချင်း စားခွက်လုကြရင်း တိုက်ခိုက်သတ်ဖြတ်မှုတွေဖြစ်လာတဲ့အထိ ဆိုးရွားလာတာကြောင့် ဒုတိယပါကျောင်လို ဇာတ်တူသားစားတဲ့ အမှုတွေများလာပြီး ဟင်္သာကိုးသောင်းလို ပျက်စီးဖို့လမ်းပေါ်ရောက်နေကြတာကိုလည်း အထင်အရှားတွေ့နေရပါတယ်။

တော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ ပကတိအခြေအနေတွေ ဘယ်လောက်ပဲ ဆိုးရွားနေစေကာမူ ကြေးစားမီဒီယာတွေကတော့ "ငါတို့နိုင်တော့မှာ၊ ငါတို့နိုင်နေပြီ" လုပ်ကြံဇာတ်ကြောင်းနဲ့ ဝါဒဖြန့်သတင်းတွေကိုပဲ တရစပ်ထုတ်လွှင့်နေကြတာကို တွေ့ရပါတယ်။

**ဒီလိုကြေးစားမီဒီယာတွေကနေ သတင်းအတု/ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အရှိန်မြှင့်လုပ်ကြံထုတ်လွှင့်နေတာက သတင်းအမှန်မရရှိတဲ့ ပြည်သူတွေအနေနဲ့ တပ်မတော်အပေါ် ယုံကြည်မှုကျဆင်းလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပျက်ပြားပြီး PDF အမည်ခံအကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ အကြမ်းဖက်မှုတွေ ပိုမိုကျူးလွန်လာကြအောင် မီးထိုးယပ်ခတ်ပေးနေတာဖြစ်ပါတယ်။**

ဒါကြောင့် မြန်မာနိုင်ငံမှာ မြန်မာလူမျိုးတွေရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဗုဒ္ဓဘာသာနဲ့ သံဃာ့အဖွဲ့အစည်းကို ယိမ်းယိုင်အောင် ဆောင်ရွက်နေပြီး ပြည်သူနဲ့တပ်မတော်ကို သွေးခွဲ၊ အစွန်းရောက်သဘောတရားတွေ ပျံ့နှံ့အောင် ဆောင်ရွက်နေတဲ့ ကြေးစားမီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေ၊ ကြေးစား Think-Tank တွေ ထုတ်ပြန်နေတဲ့ သုတေသနစာစောင်တွေနဲ့ ဖွင့်လှစ်နေတဲ့ သင်တန်းတွေဟာ ငွေနောက်လိုက်ပြီး မြန်မာနိုင်ငံကိုဖျက်ဆီးဖို့ကြံနေတဲ့ ဝါဒဖြန့်ချိမှုတွေသာဖြစ်ပြီး အသိ၊ သတိနဲ့ ဆင်ခြင်နိုင်ကြရန်လိုအပ်ပါကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။ ။

# သိန္နီမြို့၊ မုံရွာမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ရှမ်းပြည်(မြောက်ပိုင်း) သိန္နီမြို့ရှိ ပိန်းအွယ်ဓမ္မရိပ်သာ ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော သံဃာတော် ၃၅ ပါး၊ သာသနာ့နွယ်ဝင် သီလရှင်တစ်ပါးနှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူ ၁၅ ဦးတို့ကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဲဝဲကျင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူ ၆၈ ဦးနှင့် ဟုမ္မလင်းမြို့နယ် ဟိုပတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်တစ်ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ငါးပါးနှင့် ဒေသခံပြည်သူ ၂၈ ဦးတို့ကို သွေးတိုးရောဂါ၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည် တောင်ရပ်ကွက်ရှိ မဟာဝိဇယရံသီစလေကျောင်းတိုက်မှ သံဃာတော်အပါး ၁၀၀၊ သာသနာ့နွယ်ဝင်သီလရှင် ၄၅ ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၀၅ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သံဃာတော် ၄၂ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၆၉ ပါးနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၂၀ တို့ကို ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော ဇေယျာသီရိတပ်နယ်(ခ) အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၄ ရက်မှ ၁၈ ရက်ထိ ယှဉ်ပြိုင် ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။


**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဇေယျာသီရိတပ်နယ်(ခ) အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**



0w Kv d @

# မပြတ်သောကြိုးများ

နန်းမို့မို့ဦး(တောင်ငူ)



(၁)

"ဘယ်ကောင်မကျေနပ်လဲကွ။ မကျေနပ်တဲ့ကောင် ရှိရင်ထွက်ခဲ့။ သန်းမောင်ဆိုတဲ့ကျုပ်က ကျုပ်ထမင်း ကျုပ်စားနေတာ ဘယ်သူ့မှဂရုမစိုက်ဘူး"

လမ်းမအလယ်တွင် သန်းမောင်တစ်ယောက် ယိုင်ထိုးလျက် အသံကျယ်ဟစ်ကာ ကြွေးကြော်လာသည်။ ညသည်လည်း သက်ကြီးခေါင်းချချိန်ဖြစ်၍ အိမ်တချို့ပင် တိတ်ဆိတ်၍နေသည်။ လရောင်အောက်မှ သန်းမောင်၏ ဘယ်ယိုင်ညာထိုး သိုင်းကွက်များကြောင့် ခွေးများပင် တစ်ကောင်စ၊ နှစ်ကောင်စ ဝိုင်း၍ဟောင်ကြသည်။

"မြင့်မြင့်အေး ဟေ့ မြင့်မြင့်အေး"

ခြံစည်းရိုးပေါက်ကို ဝုန်းခနဲတိုက်၍ဝင်လာသော သန်းမောင် ထိုနေရာမှာပင် လဲကျသွားသည်။

"ဖိုးဖြူ ဖိုးဖြူ ဟဲ့ ဖိုးဖြူ ထစမ်းပါအုံးဟယ်။ ဟိုမှာ နင့်အဖေမူးပြီးပြန်လာတယ် ထ။ ဘာကိုဝင်တိုက်လဲ မသိပါဘူးဟယ် ဝုန်းခနဲပဲ။ ဟဲ့ ထဆို"

ခြင်ထောင်ထဲမှ မြင့်မြင့်အေးက အပြင်ဘက် ခပ်လှမ်းလှမ်းတွင် အိပ်နေသည့် ဖိုးဖြူကို လှုပ်နိုးလိုက်သည်။ ထိုအခါမှ ဖိုးဖြူက အိပ်မှုန်စုံမွှားထလာသည်။

"အဖေက မူးလာပြန်ပြီဗျာ။ ကျွန်တော် သိပ်စိတ်ညစ်တာပဲ"

ဖိုးဖြူ စိတ်ပျက်လက်ပျက် ညည်းတွားရင်း သားအမိနှစ်ယောက် ခြံဝသို့သွားလိုက်ကြသည်။ မူး၍ လဲကျနေသော သန်းမောင်ကို သားအမိနှစ်ယောက် ဆွဲထူကာ အိမ်အောက်ရှိ ခုတင်တွင်အိပ်စေသည်။

"တစ်နေ့ထက်တစ်နေ့ အဖေမူးပြန်လာတာနဲ့ပဲ ကျွန်တော်စိတ်ညစ်လာပြီဗျာ"

"ညစ်လဲညစ်ဟေ့ လောလောဆယ် စောင်နဲ့ခေါင်းအုံးသွားယူခဲ့။ ဒီညတော့ ဒီမှာပဲအိပ်ပါစေတော့"

"အမေ့လဲ အဖေ့ဝဋ်က ဘယ်တော့မှများ ကျွတ်မလဲမသိဘူး။ ကျွန်တော်တော့ အိမ်မှာမနေချင်တော့တာပဲသိတယ်"

"ဟဲ့ စကားတွေမများစမ်းနဲ့ ယူမှာသာသွားယူ"

ခပ်ဆတ်ဆတ်အော်လွှတ်လိုက်မှသာ ဆောင့်ကာအောင့်ကာဖြင့် ဖိုးဖြူ အိမ်ပေါ်တက်သွားသည်။ ပြောသာပြောရသည်။ မြင့်မြင့်အေးကိုယ်တိုင်မှာလည်း သန်းမောင်ကို စိတ်ကုန်နေမိသည်မှာအမှန်။ အလုပ်မလုပ်ဘဲ နေ့စဉ်နေ့တိုင်း အရက်သောက်သည့် သန်းမောင်ကို ယခုချိန်မှ ကွဲမည်ကွာမည် လုပ်ပြန်လျှင်လည်း သားသုံးယောက်၏အရွယ်ကိုပြန်ကြည့်သော် ကွဲရမည်မှာ ရှက်စရာဟုထင်သည်။ နေ့ရှိသမျှ မြင့်မြင့်အေးနှင့် သားကြီးဖြစ်သူ ဖိုးဖြူကသာ မိသားစုစားဝတ်နေရေးကိုဖြေရှင်းနေရသည်။ သားအငယ်နှစ်ယောက်ကိုတော့ ကိုရင်ဝတ်ပေးထား၍ နှစ်ဝမ်းစာ သက်သာရသည်။ တစ်ခါတစ်ရံများတွင် သန်းမောင်က မူးပြီး ဘုန်းကြီးကျောင်းသို့သွားကာ သားနှစ်ယောက်ကို လူထွက်ရန် ရန်လာရှာတတ်သေးသည်။ အများကတော့ မြင့်မြင့်အေးတို့ မိသားစုကိုကြည့်ကာ စိတ်ပျက်ကြသည်။ ကွဲပစ်ရန်တိုက်တွန်းသံများ ကြားရတိုင်း မြင့်မြင့်အေး ပို၍စိတ်ပျက်ရသည်။

"ညည်းလဲ ဝဋ်ကြီးပါ့အေ။ လင်အရက်သမားကြီးကို ပင်ပင်ပန်းပန်းလုပ်ကျွေးရတယ်လို့။ ငါသာ ညည်းနေရာမှာဆို ကွဲပစ်တာကြာပေါ့။ ညည်းမလို့ အရက်သမားကို ရွှေမှတ်နေတာ"

ထိုသို့သောစကားများ သန်းမောင်ထံပြန်ရောက်လျှင်လည်း ငမူးသန်းမောင်က အမူရှာပတ်ပြန်သည်။ ဖြစ်ချင်ရာဖြစ်ဆို၍လည်း သန်းမောင်ကို ကွာပစ်ရန် မြင့်မြင့်အေး ဆုံးဖြတ်ခဲ့သည်မှာလည်း များလှသည်။ သို့သော် အိပ်မက်သာ။

(၂)

"ကိုသန်းမောင် ကျုပ်နဲ့ ဝါးသွားခုတ်ရအောင်လေ။ ကျုပ်ဆီ ဝါး ၁၀၀ မှာထားလို့ အဲဒါမြန်မြန်ရအောင်။ တော်လဲလိုက်ခုတ်လှည့်"

"နင်ပဲသွားပါ မြင့်မြင့်အေးရာ။ ငါ ကိုယ်လက်တွေနာသလိုဖြစ်နေလို့"

ဝါးခုတ်မလိုက်ချင်၍ အိပ်ရာထဲမှ ကိုသန်းမောင်က ဆင်ခြေပြန်ပေးလေသည်။

"တော့်ကိုလေ ကျုပ်သည်းခံနေတာကြာပြီသိလား။ တစ်နေ့နဲ့တစ်နေ့ ကျုပ်မှာ နားရတယ်ကိုမရှိဘူး။ ကျုပ်နဲ့ တော့်သားတွေပြန်ကြည့်ပါအုံး"

"ဟာ နားတွေငြီးတယ်ကွာ။ ကဲ နင်သွားမှာသာသွား။ ငါထမင်းဟင်းတွေချက်မယ်။ နင်ပြန်လာရင် အားလုံးအဆင်သင့်ဖြစ်နေရမယ် ဟုတ်ပြီလား"

ပြောနေ၍လည်း ရမည်မဟုတ်မှန်းသိ၍ မြင့်မြင့်အေး လက်လျှော့လိုက်ရတော့သည်။ ထိုစဉ် ဖိုးဖြူ အပြင်မှ ဒေါကြီးမောကြီးဖြင့် ပြန်ရောက်လာသည်။

"ကျွန်တော်အိမ်မှာမနေတော့ဘူးအမေ။ ပြန်လဲလာမှာမဟုတ်ဘူး"

"ဘာဖြစ်လာပြန်တာတုံး ဖိုးဖြူရယ်။ ငါ့လဲ ပြောပါအုံး"

"အမေ့ယောကျ်ားလုပ်ပုံကောင်းရဲ့လား။ ကျွန်တော် ရှက်လွန်းလို့ ဒီရွာမှာနေကိုမနေရဲတော့ဘူး"

ဒေါသနှင့်အတူ မျက်ရည်ပါကျနေသည့်သားကို ကြည့်ကာ မြင့်မြင့်အေး နားမလည်နိုင်တော့။ ထိုစဉ် သန်းမောင်က-

"မင်းကများ ဖအေကို ငါလုပ်လိုက်ရ"

သန်းမောင်က ဖိုးဖြူကို လက်ဝါးစောင်းဖြင့်ရွယ်ကာ ပြောသော် မြင့်မြင့်အေးက ကြားဝင်တားရသည်။

"နေကြပါအုံး ငါသေသာ သေချင်တော့တာပါပဲဟယ်"

"အဖေ ဟိုညက ဘာလုပ်ခဲ့လဲအမေသိလား"

သန်းမောင်တစ်ယောက် သူလုပ်ခဲ့သည်ကို သူသိနေ၍ ငြိမ်ကုပ်သွားသည်။

"ညက အဖေဘုန်းကြီးကျောင်းသွားပြီး ဘုန်းကြီး မရှိချိန် အလတ်ကောင်ကို သင်္ကန်းဆွဲချွတ်တယ်။ အလတ်ကောင်က မလုပ်ဖို့ငိုပြီးပြောတယ်တဲ့။ ဆူညံဆူညံကြားတော့ ဆွမ်းချက်တဲ့အဒေါ်ကြီး ရောက်လာပြီး မြင်တယ်။ အဲဒီသတင်း ဘုန်းကြီးကြားတော့ ကျွန်တော့်ကိုခေါ်မေးတယ်။ ဘယ်လောက်ရှက်ဖို့ကောင်းလိုက်လဲ"

ထိုအခါ မြင့်မြင့်အေးက သန်းမောင်ဘက်လှည့်ကာ-

"ကိုသန်းမောင် တော်လုပ်ရက်လိုက်တာ။ သူတို့ ခမျာ ကျောင်းဆက်မနေတော့ပါဘူးဆိုကတည်းက လိုလိုလားလား ကိုရင်ဝတ်ကြတာ။ တစ်နှစ်တောင် မပြည့်သေးဘူး။ ဘာလို့တော်က အဲဒီလိုလုပ်တာတုံး။ ကျုပ်ဖြင့် ရှက်လို့ သေချင်တော့တာပါပဲ"

ပြောနေရာမှ မြင့်မြင့်အေး စိတ်ပျက်လက်ပျက် ထိုင်ချပစ်လိုက်သည်။

"အမေသေချင်တာကနောက် ကျွန်တော်က တော့ အခုအိမ်မှာမနေတော့ဘူး။ ကျွန်တော်ထွက်သွားတော့မယ်။ အမေလဲ မနေနိုင်တော့ရင်လိုက်ခဲ့"

"သွားကွာ သွားကြကွာ။ တစ်ယောက်မှမရှိလေကောင်းလေပဲ သွားကြသွားကြဆို၍ မြင့်မြင့်အေးက-

"ဩော် . . . တော်က ကျုပ်ကိုပါ နှင်တယ် ပေါ့ဟုတ်လား"

"အေး ဟုတ်တယ်ကွာ။ နှင်တယ်ကွာ"

"မြင့်မြင့်အေးဆိုတဲ့ ကျုပ်ကလဲ ထွက်သွားချင်နေတာကြာပေါ့။ နေ အဲဒီမှာ တော့်တစ်ယောက်တည်း နေ။ ကျိုးထိုးထိုး၊ ခွေးစားစား တစ်ယောက်တည်းနေ။ ကျုပ်လဲဆင်းတယ်။ သားကြီး လာသွားမယ်"

ဒေါသအထိန်းအကွပ်မဲ့နေသော မြင့်မြင့်အေး လူပျိုအရွယ် သားကြီးလက်ကိုဆွဲကာ တစ်ဖက်ရွာက အစ်မဖြစ်သူအိမ်သို့ သုတ်ခြေတင်ခဲ့လေသည်။

(၃)

"အဖေဘယ်လိုနေသေးလဲ သက်သာရဲ့လား"

သားအလတ် ဖိုးချိုက အိပ်ရာထဲလဲနေသည့် သန်းမောင်ကို နှုတ်ဆက်စမ်းကာမေးသည်။

"သက်သာပါတယ်ကွာ။ မင်းရော ထမင်းစား ပြီးပြီလား"

"မဆာလို့ မစားသေးပါဘူးဗျာ။ အဖေဆန်ပြုတ် သောက်လိုက်အုံးနော်။ သားပြုတ်ထားတယ်။ သွားယူလိုက်အုံးမယ်"

မီးဖိုခန်းထဲဝင်သွားသည့် ၁၄ နှစ်အရွယ် သားအလတ်၏ကျောပြင်ကိုငေးကာ သန်းမောင်တစ်ယောက် မျက်ရည်ကျရှာသည်။ ကိုရင်မထွက်ချင်သည့်သားက ယခု လူဝတ်လဲကာ သန်းမောင်ကို ပြုစုသည်။ ၁၄ နှစ်အရွယ် ကလေးလောက်မျှ အသိမရှိသည့် မိမိ၏လုပ်ရပ်ကိုပြန်တွေးကာ သန်းမောင်ရှက်မိသလို သိတတ်လိမ္မာသောသားအလတ်ကိုလည်း သနားပိုနေမိပြန်သည်။ စုန်ရေတစ်ပေါက် သောက်မူးရပြီဖြစ်၍ ဤပိုတိမျိုးအပေါ် ဝမ်းနည်းဝမ်းသာလည်းဖြစ်ရသည်။

မိန်းမနှင့်သားကြီး အိမ်ပေါ်မှဆင်းသွားပြီးနောက် တစ်ပတ်အကြာတွင် သားလတ် ဖိုးချိုက လူဝတ်လဲကာ အဖေနှင့်ပြန်နေသည်။ အငယ်ဆုံးသားမှာ ၁၁ နှစ်သာ ရှိသေး၍ ကိုရင်ဘဝဖြင့်သာနေဦးမည်ဆိုသောကြောင့် ကျောင်း၌ပင်ကျန်ခဲ့သည်။ ဆိုးသွမ်းသောဖခင်အပေါ်

❖ မိန်းမနှင့်သားကြီး အိမ်ပေါ်မှဆင်းသွားပြီးနောက် တစ်ပတ်အကြာတွင် သားလတ်ဖိုးချိုက လူဝတ်လဲကာ အဖေနှင့်ပြန်နေသည်။ အငယ်ဆုံးသားမှာ ၁၁ နှစ်သာရှိသေး၍ ကိုရင်ဘဝဖြင့်သာ နေဦးမည်ဆိုသောကြောင့် ကျောင်း၌ပင်ကျန်ခဲ့သည်။ ဆိုးသွမ်းသောဖခင်အပေါ်ပင် ပစ်မထားရက်သည့်သားလတ်ကို သန်းမောင် သနားမိသည်မှာအမှန်။ ဖိုးချို ဆန်ပြုတ်ပန်းကန်ကိုကိုင်ကာ မီးဖိုခန်းမှထွက်လာသည်။ "ဆန်ပြုတ်သောက်နော်အဖေ။ ပြီးရင် ဆေးသောက်ရမယ်" ❖

ပင် ပစ်မထားရက်သည့် သားလတ်ကို သန်းမောင် သနားမိသည်မှာအမှန်။ ဖိုးချို ဆန်ပြုတ်ပန်းကန်ကို ကိုင်ကာ မီးဖိုခန်းမှထွက်လာသည်။

"ဆန်ပြုတ်သောက်နော်အဖေ။ ပြီးရင် ဆေးသောက်ရမယ်"

"ဆေးက ဘယ်ကပိုက်ဆံရလို့ ဝယ်လာတာတုံး ငါ့သားရာ"

"အဘွားမကြူအိမ်မှာ စပါးအိတ်သွတ်တယ်လေ။ အဲဒါ သားသွားလုပ်ပေးတော့ရတာ"

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၆၄၆၁၁ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၆၄၆၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၇၇၉၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၄၆၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က စစ်ကိုင်းမြို့နယ်မှာ မိုးသီးနှံစုံဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံဧက နှစ်သိန်းကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ဧက ၁၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၁၃၁၇၄ ဧက၊ ပဲမျိုးစုံ ၅၇၉၅၄ ဧက၊ ဆီထွက်သီးနှံ ၄၀၉၇၆ ဧက၊ ဝါ ၈၁၆၄ ဧက၊ စားဖိုဆောင်သီးနှံ ၃၉၁ ဧက၊ အခြားသီးနှံ ၄၃၇၅၂ ဧက စုစုပေါင်း ၁၆၄၆၁၁ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် စပါး ၂၆၁၀၀ ဧက၊ ပဲမျိုးစုံဧက ၈၂၄၀၀၊ ဆီထွက်သီးနှံ ၄၆၁၈၀ ဧက၊ ဝါ ၁၇၁၂၈ ဧက၊ စားဖိုဆောင်သီးနှံ ၂၂၄၈ ဧက၊ အခြားသီးနှံ ၁၀၃၈၇၆ ဧက စုစုပေါင်း ၂၇၇၉၃၃ ဧကဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ စားဖိုဆောင်နှင့်အခြားသီးနှံ စုစုပေါင်း ၂၇၃၃၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငါးတံခွန် ပေါင်းခံရည်ပြုလုပ်သုံးစွဲနည်းလမ်းများ၊ သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် ပညာပေးဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ရွှေဇာလီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထက်အောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေကျပ်သိန်း ၃၉၀ ကို ရွှေဇာလီကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများနှင့် ရွှေဇာလီကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ငွေကျပ်သိန်း ၃၉၀ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်း အခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် ဝန်ထမ်းများ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

➤ စာမျက်နှာ ၂၄မှအဆက်

ပါးပြင်ပေါ်တွင် အိုးမဲပေနေသော ဖိုးချိုက ပြုံး၍ဖြေသော် သန်းမောင်ရင်ထဲ ဝမ်းနည်းပီတိဖြစ်ရကာ နောင်တမျက်ရည်ကျရပြန်သည်။

(၄)

"ကိုသန်းမောင် ကိုသန်းမောင် တံခါးဖွင့်ပါအုံးတော်"

ကြားလိုက်ရသောခေါ်သံက သန်းမောင်၏စိတ်ထဲတွင် အိပ်မက်လေလားဟုထင်မိသည်။

"ဟင် မြင့်မြင့်အေးအသံ"

သန်းမောင်အိပ်ရာမှထကာ တံခါးသွား၍ ဖွင့်ပေးသည်။

"နင် ငါ့ဆီပြန်လာတယ်။ ဝမ်းသာလိုက်တာ မြင့်မြင့်အေးရယ်"

သန်းမောင်ဝမ်းသာအားရနှင့် မြင့်မြင့်အေးကို ပွေ့ဖက်လိုက်သည်။ မြင့်မြင့်အေးကရုန်းကာ-

"အပိုတွေပြောမနေပါနဲ့တော်။ တော် နေမကောင်းဘူးကြားလို့ပြန်လာတာ။ အလတ်ကောင်လဲ လူဝတ်လဲပြီဆို။ အခုရော သူဘယ်သွားနေတာလဲ"

"စပါးအိတ်သွတ်ဖို့ ခေါ်ထားလို့တဲ့။ အဲဒါသွားလုပ်နေတယ်"

"ကျုပ်သားလေး လူမထွက်ချင်တဲ့ကျုပ်သားလေး။ တော့်ကြောင့် အလုပ်တွေလုပ်နေပြီ"

ပြောရင်းပင် မြင့်မြင့်အေး မျက်ရည်ကျလာသည်။ သန်းမောင်လည်း နောင်တကြီးစွာရ၍-

"ငါ့အပြစ်တွေပါကွာ။ ငါအရက်ဖြတ်ပါတော့မယ်နော်။ နင်နဲ့သားသမီးတွေကို နောက်ထပ်ဒုက္ခတွေမပေးတော့ပါဘူးကွာ။ ငါ့ကိုယ်ငါ ပြုပြင်ပါ့မယ်"

"တော်တကယ်ပြောနေတာလား"

မြင့်မြင့်အေးလည်း ကျလာသည့်မျက်ရည်များကိုသုတ်ပစ်ကာ မျက်နှာမှာလည်း ပြုံးရောင်သန်းသွားသည်။

"တကယ်ပါကွာ အရက်မသောက်တော့ဘူး။ ဖြတ်မယ်။ ဒါနဲ့ ဖိုးဖြူရော ပါမလာဘူးလား"

"သူ့အဒေါ် ရွာမှာ မတ်ပဲကြဲရမဲ့အလုပ်ရှိလို့ နေခဲ့လေရဲ့"

(၅)

"သားရေ ဖိုးချို သားအဖေအတွက် ထမင်းပို့ဖို့ပြင်ပြီးပြီလား"

"ဟုတ်ကဲ့အမေ။ အစ်ကိုကြီးအတွက်ပါ ပိုထည့်လိုက်တယ်"

"အေး များများထည့်သားရေ၊ နင့်အစ်ကိုကြီးက ဟိုနေ့ကမှ အိမ်ပြန်ရောက်လာတာ။ သူ့ခမျာ ဟိုမှာလဲ အလုပ်ကပင်ပန်းရှာတယ်။ အခုလဲ သူမှာမနားရဘူး။ နင့်ဖေကြီးအတွက် ကွမ်းတွေရောပါရဲ့လား"

"ဟုတ် ပါတယ်အမေ"

"အေးအေး ပါရင်ပြီးတာပဲ။ အမေ ဟင်းရွက်တွေ ဖောက်သည်ဆီသွားသွင်းလိုက်အုံးမယ်။ ညနေမှ အစ်ကိုကြီးတို့နဲ့အတူပြန်လာနော်"

"ဟုတ်ကဲ့"

တောခုတ်ရန်သွားကြသည့် သားအဖနှစ်ယောက်အတွက် ထမင်းဟင်းနှင့်ကွမ်းများကို ဖိုးချိုကို ပို့ခိုင်းရသည်။ မြင့်မြင့်အေးမှာ တစ်ဖက်တစ်လမ်းမှဝင်ငွေရရန် ခြံထွက်ဟင်းရွက်များ ဖောက်သည်ဆီပို့သည်။ သန်းမောင်အရက်မသောက်တော့သည်မှာ တစ်လကိုးသီတင်းရှိလေပြီ။ မြင့်မြင့်အေးနှင့်သားများ စိတ်ချမ်းသာရသည်မှာလည်း ထို့ကြောင့်သာဖြစ်တော့သည်။

## နှမ်းရိတ်ချိန်

\- နှမ်းခင်းတွေ နန္ဒင်းပက်သလို
ဝင်းလက်တဲ့ အချိန်ခါ၊
မိုးနေခြည် ဖျန်းပွေ့သမျှ
နှမ်းစေ့တို့မှာ၊
ရိတ်သိမ်းကြ ချိန်မှန်စွာ
နှမ်းခင်းမှာ တေးသံကြော့၊
တောင်သူ့မြေ နှမ်းတွေကောင်းမို့
ခေါင်းလည်တိုင်မော့။


\- ချိုးငှက်တွေ ကူသံနော့
ကလူပြန်တော့ အမောပြေ၊
နေပူပူ မိုးဖျန်းဖျန်း
မပန်းနိုင်ပေ၊
တောသံတေး ဟစ်ကြွေးခွေ
ငှက်ကလေးတွေ ရွှင်သလိုပဲ၊
တောင်သူတွေ စိတ်လက်ငြိမ်း
ရိတ်သိမ်းတဲ့အလှ။

\- သစ်ရိပ်မှာ နားခိုကြ
စားလိုသမျှ ချက်ပြုတ်ကာ၊
တောချဉ်ပေါင် ရုံးပတီသီးနဲ့
တောကြီးအလယ် စုဖွဲ့စား
အားရဖွယ်သာ၊
ငရုတ်သီးထောင်းလည်းပါ
တောင်းထဲမှာ ထမင်းတွေခူး၊
ဖက်ခတ်ချို ရနံ့မွှေးရယ်နဲ့
လွှေးမဝနိုင်ဘူး။

\- နှမ်းသိမ်းချိန် အခါဦး
ခါမြူးလို့ ချိုးလည်းပျော်၊
ချောင်းရေတွေ ဒလဟော
စီးမျောပါသော်၊
ချိုးလိုက်ကြ အတူနော်
ချောင်းရေပေါ် ကူးခပ်ဆော့၊
တောင်သူမြေ တောအလှရယ်ဖြင့်
အိုကွယ်. . .
မောမရနိုင်တော့။ ။

**လွမ်းလေးကို(သရက်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကနေဒါနိုင်ငံအနောက်မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ထောင်နှင့်ချီသောဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**အော့တာဝါ ဩဂုတ် ၁၉**

ကနေဒါနိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းမှုများကြောင့် ထောင်နှင့်ချီသော ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရကြောင်း မီးသတ်တပ်ဖွဲ့၏ ဩဂုတ် ၁၈ ရက်ထုတ်ပြန်ချက်များကို ကိုးကား၍ CNN သတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ကနေဒါနိုင်ငံအနောက်မြောက်ပိုင်းမြို့တော်တစ်ခုဖြစ်သော Yellowknife နှင့် အနီးဝန်းကျင်ဒေသတချို့တွင် တောမီးလောင်ကျွမ်းမှု ၂၀၀ ကျော် ဖြစ်ပွားလျက်ရှိပြီး တောမီးကူးစက်မှုသည် အဆိုပါမြို့နှင့် အဝေးပြေးလမ်းမကြီးကို ခြိမ်းခြောက်လျက်ရှိသဖြင့် လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။

ကနေဒါနိုင်ငံ နေရာအနှံ့အပြားတွင် တောမီးလောင်ကျွမ်းမှုပေါင်း ၁၀၀၀ ကျော် ဖြစ်ပေါ်လျက်ရှိရာ ယခုနှစ်အတွင်း အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုအဖြစ် စံချိန်တင်လျက်ရှိပြီး မီးခိုးငွေ့များသည် အမေရိကန်နိုင်ငံသို့တိုင်အောင် ရောက်ရှိပျံ့နှံ့လျက်ရှိရာ အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကနေဒါအစိုးရအနေဖြင့် အဆိုပါဒေသများတွင် လေကြောင်းမှရွှေ့ပြောင်းပေးမှုများနှင့် လေကြောင်းမှ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကနေဒါတပ်မတော်မှတပ်ဖွဲ့ဝင်များဖြင့် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးချုပ် Juatin Trudeau က ဩဂုတ် ၁၈ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး လုပ်ငန်းများတွင် လူအားလုံး ဘေးကင်းရေးအတွက် ကြိုးပမ်းနေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Juatin Trudeau က ဆက်လက်ပြောကြားခဲ့သည်။ AZH

# COP28 မတိုင်မီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဘဏ္ဍာငွေကို ခွင့်ပြုပေးရန် ဘရာဇီးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန တိုက်တွန်း

**ဘရာစီးလီးယား ဩဂုတ် ၁၉**

ဘရာဇီး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက လာမည့် နိုဝင်ဘာလတွင် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင်ကျင်းပသွားမည့် COP28 ညီလာခံမတိုင်မီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဆိုပြုတင်တောင်းထားသောဘဏ္ဍာငွေကို အမြန်ဆုံးခွင့်ပြုပေးသွားရန် တိုက်တွန်းခဲ့သည်ဟု XM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးအစိုးရအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရေးအတွက် ဘဏ္ဍာငွေကိုလည်း ခွင့်ပြုပေးသွားရန် အတည်ပြုထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဘရာဇီးလွှတ်တော်က အဆိုပါဘဏ္ဍာငွေပမာဏကို ခွင့်ပြုသွားရန် လိုအပ်နေသေးသည့်အတွက် လွှတ်တော်၏ခွင့်ပြုချက်ရမှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်များကို စတင်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"စီစဉ်ထားတဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်တွေကို အကောင်အထည်ဖို့အတွက် အားလုံးပြင်ဆင်ထားပြီးပါပြီ။ စီမံချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ဘဏ္ဍာရေးခွင့်ပြုချက်ပဲ လိုအပ်နေတာပါ။ စီမံချက်ထဲမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနဲ့ ကမ်းလွန်လေအားလျှပ်စစ်ကဏ္ဍကို အကောင်အထည်ဖော်မဲ့ စီမံကိန်းတွေပါဝင်နေပါတယ်။ ဒီစီမံကိန်းတွေကို အောင်မြင်စွာအကောင်အထည်ဖော်ပြီးသွားရင်တော့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်တွေ အကောင်အထည်ပေါ်လာပါလိမ့်မယ်"ဟု ဘရာဇီးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးဖြစ်သူ ရိုလမ်ဘတ်က ပြောကြားခဲ့သည်။

**ခိုင်ဆက်**

# ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုမှ သမုဒ္ဒရာအတွင်း ရေထုတ်လွှတ်မှုမပြုလုပ်မီ ဂျပန်ဝန်ကြီးချုပ် နျူကလီးယားဓာတ်ပေါင်းဖိုသို့ သွားရောက်ကြည့်ရှုမည်

**တိုကျို ဩဂုတ် ၁၉**

ဂျပန်နိုင်ငံ ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုမှ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေထုတ်လွှတ်မှုပြုလုပ်သွားရန် ဂျပန်အာဏာပိုင်အဖွဲ့အစည်းက စီစဉ်နေပြီး ထိုသို့ရေထုတ်လွှတ်မှုမပြုလုပ်မီ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက နျူကလီးယားဓာတ်ပေါင်းဖိုသို့ သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုမှ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေထုတ်လွှတ်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ အစိုးရထံမှခွင့်ပြုမိန့်ချမှတ်ရန်သာကျန်ရှိတော့ကြောင်း၊ ခွင့်ပြုမိန့်ချမှတ်ပေးရေးအတွက် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါကိုယ်တိုင် ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုသို့ သွားရောက်ကြည့်ရှုမည်ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များဖြင့်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုအပေါ်မူတည်၍ ပစိဖိတ်သမုဒ္ဒရာအတွင်း နျူကလီးယားဓာတ်ပေါင်းဖိုမှ ရေထုတ်လွှတ်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပစိဖိတ်သမုဒ္ဒရာအတွင်း ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုက ရေထုတ်လွှတ်ဖို့အတွက် IAEA ရဲ့ခွင့်ပြုချက်လဲ ရပါပြီ။ ရေထုတ်လွှတ်ဖို့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့က ခွင့်ပြုမိန့်ချပေးဖို့ပဲ လိုအပ်ပါတော့တယ်။ ဒါကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုကို သွားရောက်ကြည့်ရှုဖို့ရှိပါတယ်"ဟု ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားခဲ့သည်။

ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုမှ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေထုတ်လွှတ်ရေးအတွက် ဂျပန်ဝန်ကြီးချုပ်သည် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုး၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ **ခိုင်ဆက်**



# ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းသို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ၈၄ နှစ်အတွင်း အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ပြီး အန္တရာယ်ရှိသောအခြေအနေ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ဩဂုတ် ၁၈ ရက်တွင် သတိပေးထားသည်ဟု AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်းကြောင့် ပြင်းထန်သောရေကြီးခြင်းများ၊ ရွှံ့မြေပြိုခြင်းနှင့် နေရာအနှံ့အပြားတွင် လေဆင်နှာမောင်းများပင် တိုက်ခတ်စေနိုင်သဖြင့် ပြည်သူများအနေဖြင့် ရာသီဥတုသတိပေးချက်များကို ဂရုပြုနေထိုင်ကြရန် တာဝန်ရှိသူများက တိုက်တွန်းထားပြီး မုန်တိုင်းကို အနီးကပ်စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဟီလာရီဟုအမည်ပေးထားသော အဆိုပါမုန်တိုင်းသည် ဩဂုတ် ၁၈ ရက်အစောပိုင်းမှစ၍ အားကောင်းလာခဲ့ပြီး အပူပိုင်းမုန်တိုင်းအဖြစ် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းသို့ ချဉ်းကပ်လာခဲ့သည်။

မုန်တိုင်းအရှိန်ကြောင့် ကယ်လီဖိုးနီးယား၊ နီဗားဒါးနှင့် အရီဇိုးနားပြည်နယ်တို့တွင် တစ်နှစ်လုံးအတွင်း မိုးရေချိန်အများဆုံး မိုးရွာသွန်းမှုများ ကြုံတွေ့ရနိုင်သဖြင့် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ မေဂျာလိဂ် ဘေ့စ်ဘောပြိုင်ပွဲတချို့ကို ရက်ရွှေ့ဆိုင်းခဲ့ရပြီး လူအများ လာရောက်လည်ပတ်လေ့ရှိသော Joshua Tree အမျိုးသားသဘာဝဥယျာဉ်နှင့် Mojave အမျိုးသားသဘာဝတောများကို လည်ပတ်ခွင့်ပိတ်ထားရကြောင်း သိရသည်။

၁၉၃၉ ခုနှစ် နောက်ပိုင်းမှစ၍ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် အပူပိုင်းမုန်တိုင်းများ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ဖူးခြင်းမရှိကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။ AZH

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# ယခုနှစ် ဇူလိုင်လတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သန်း ၁၂၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၁၉**

ယခုနှစ် ဇူလိုင်လတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏတိုးမြှင့်လာခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း ငါးခုအနက် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံးရရှိအောင် ဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း အနေဖြင့် ပြီးခဲ့သည့် ဇူလိုင်လတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၉၉၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၈၅၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၈၅၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဇွန်လတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၁၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၀၉၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၆၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဇူလိုင်လတွင် ဇွန်လထက် ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၄၃ သန်းဖိုးပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်နှင့် ဆန်ကွဲ၊ ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ပဲကြီး၊ မြေထောက်ပဲ၊ ပဲယဉ်း၊ မြေပဲဆန်၊ ထောပတ်ပဲ၊ နိုင်လွန်ပဲ၊ ပဲနီကျား၊ စွန်တာနီ၊ နှမ်းနက်၊ ချင်းအစို၊ ရော်ဘာကြမ်း၊ ရော်ဘာစိမ်း၊ ဝဥခြောက်၊ ကြက်သွန်နီ၊ ငရုတ်ကောင်း စသည့်ပို့ကုန်များကို ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# သရက်မြို့နယ် ကမ်းနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းစစ်ဆေး

**သရက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပြုရေကျေးရွာအုပ်စု ကမ်းနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး တိုင်းတာခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကမ်းနီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် ကမ်းနီကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လမ်းအရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကမ်းနီကျေးရွာရှိ အိမ်ခြေ ၁၉၂ အိမ်၊ လူ ၈၃၅ ဦးတို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။

**ခင်မာ**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၃၅၀ စိုက်ပျိုးပြီးစီး

**တမူး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်းဧက ၁၃၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်းဧက ၁၄၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၃၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၆၁၀၊ တမူးမြို့နယ်တွင် ဧက ၂၈၀ နှင့် ခါမ်းပါတ်မြို့တွင် ဧက ၄၆၀ စုစုပေါင်း ဧက ၁၃၅၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၆၁၀၊ တမူးမြို့နယ်တွင် ၂၉၇ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၄၉၅ ဧက စုစုပေါင်း ၁၄၀၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖောငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် ထိုပူးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း ဩဂုတ် ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ထိုပူးကျေးရွာ၌ စီမံကိန်းရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၄၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ထိုပူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၂၄၁ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**



# ဘုတ်ပြင်းမြို့နယ် လိပ်ဥချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဘုတ်ပြင်း ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် လိပ်ဥချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လိပ်ဥချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၇ ဒသမ ၅၃ သန်းဖြင့် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လိပ်ဥချောင်းကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စင်ပေါ်ကစာအုပ်များ (၈)

မန်းတင့်မော်

သဘာဝတရားတွင် ဆန့်ကျင်ဘက်သဘောများ တည်ရှိနေသည်။ အလင်းနှင့်အမှောင်၊ အဝိုင်းနှင့် လေးထောင့်၊ အကြီးနှင့်အသေး စသည်ဖြင့် များစွာ ရှိကြပါသည်။ အဆိုပါ ဆန့်ကျင်ဘက်သဘောတရား များကို လူတို့ကြုံတွေ့နေရသည်မှာလည်း သေချာလှသည်။ ထိုသဘောတရားများအပေါ် ရှုမြင်ပုံကလည်း ကွာခြားတတ်ပြန်သည်။ သုံးသပ်မှုများကလည်း မတူနိုင်ကြပါ။ တချို့က အကောင်းမြင်သမား။ တချို့က အဆိုးမြင်သူ။ ထိုအမြင်များကို မြန်မာအက်ဆေးဆရာများက သူတို့၏အက်ဆေးများထဲတွင် ပါးပါးတစ်မျိုး၊ ထူထူတစ်သွယ် ရေးဖွဲ့ခဲ့ကြရာ မှတ်သားဖွယ်များစွာပါရှိနေတော့သည်။ ဆရာမောင်ခင်မင်(ဓနုဖြူ) ကမူ "အဖြူနှင့်အနက်" ခေါင်းစဉ်ပေးထားသည့် အက်ဆေးတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးပါသည်။

ဆရာ၏"အဖြူနှင့်အနက်"အက်ဆေးမှာ ပထမဆုံး ဆရာရေးသားခဲ့သော အက်ဆေးဖြစ်ကြောင်း မောင်ရှုပ်ဆိုးနှင့်မယ်မဒီရသစာတမ်းများ စာအုပ်တွင် စာရေးသူ၏အမှာစာအရ သိရသည်။ ၁၉၆၅ ခုနှစ် ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်း "စာတန်း"ကဏ္ဍတွင် ထည့်သွင်းဖော်ပြခံရသည်ဟုလည်း ဆိုပါသည်။ ဆရာက သူ၏လက်ကိုင်ပဝါ ဖြူဖြူဖွေးဖွေးအပေါ်သို့ မင်စွန်းသွားသည့်အကြောင်းဖြင့် စာတမ်းကိုစတင်ပါသည်။ "မင်"ကိုယနေ့ခေတ်ကလေးများ မသိတော့။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်ကမူ ဘောလ်ပင်များ ကောင်းကောင်းမပေါ်သေး။ ဖောင်တိန်ကသာ အများသုံးစာရေးကိရိယာဖြစ်ခဲ့သည်။ ဖောင်တိန်ကို မင်ရည်ဖြည့်၍ရေးရသည်။ ပိုင်းလော့ဖောင်တိန်နှင့် ပိုင်းလော့မင်တို့မှာ အထူးလူကြိုက်များ၍ သုံးကြသည်ကို မှတ်မိနေသည်။ မင်ကိုလည်း စနစ်တကျသုံးတတ်၊ ထည့်တတ်မှ အဆင်ပြေသည်။ ဖောင်တိန်ကိုလည်း ရှိရိသေသေကိုင်ရသည်။ မပျောက်စေရန် ဂရုပြုရသည်။ ရေးသားရာတွင်လည်း သတိထားရသည်။ ယနေ့ ဖောင်တိန်သုံးသူမရှိသလောက်ဖြစ်နေပြီ။ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်သော ဘောလ်ပင်များက အရွယ်စုံ၊ အရောင်စုံ၊ နိုင်ငံစုံမှ ဝင်ရောက်နေရာယူလျက်ရှိပြီ။ အဟောင်းနှင့် အသစ်တို့၏ ဆန့်ကျင်ဘက်သဘောကို ထင်ထင်ရှားရှား ပြသလျက်ရှိသည်ဟု ဆိုချင်ပါသည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)က သူ၏လက်ကိုင်ပဝါ မင်စွန်းရာမှ ထီးအနက်ဆီအတွေးကူးသည်။ လက်ကိုင်ပဝါကို ယုယစွာကိုင်တွယ်သော်လည်း ထီးအနက်ကြီးကိုမူ ဂရုမစိုက်ခဲ့။ သို့သော် ထီးအနက်ကြီးကို အရောင်စွန်းသော်လည်း မူလအရောင်မပြောင်းလဲပုံကိုရေးသည်။ ထိုမှတစ်ဆင့် "အဖြူနှင့်အနက်"သဘောသည် ကျွန်တော့်အတွေးထဲသို့ လျှပ်ပြက်သလို လက်ခနဲဝင်လာသည်။ "အဖြူ"သည် အစွန်းအထင်းမခံ၊ ပေကျံ၍မဖြစ်၊ စွန်းထင်းပေကျံသွားလျှင် အလှပျက်တော့သည်။ "အနက်"ကား ထိုသို့မဟုတ်။ အရောင်တကာထိပ်သီး အမှောင်ဆုံး၊ အမည်းဆုံးဖြစ်၍ ဘာစွန်းစွန်း၊ ဘာပေပေ၊ ခံနိုင်ရည်ရှိသည်"ဟု ခွဲခြားပြထားပါသည်။

ဆရာက ဆက်လက်တွေးမိသည်မှာ ဆရာ့၏ အဒေါ်တစ်ယောက် အဝေးတစ်နေရာတွင် ကျန်းမာရေးအလွန်ဆိုးရွားသဖြင့် စိုးရိမ်ရပုံ၊ ဝမ်းနည်းပူဆွေးလျက် မျက်ရည်ဖြိုင်ရပုံထိ သောကပင်လယ်ဝေခဲ့ရသည်။ တကယ်တမ်း အဒေါ်ကွယ်လွန်သောအခါ မကျန်းမာစဉ်ကကဲ့သို့ ဝမ်းနည်းမှုမဖြစ်ရတော့ဟု ဆရာက ဆိုပါသည်။ လူ၏သဘောသဘာဝကို "ကျွန်တော်တို့သည် မျှော်လင့်ထားသောဝမ်းသာမှု၊ ဝမ်းနည်းမှုမျိုးထက် မမျှော်လင့်သောဝမ်းသာမှု၊ ဝမ်းနည်းမှုမျိုးကို ကြုံရသည့်အခါ ပို၍တုန်လှုပ်တတ်ကြသည် မဟုတ်လော"ဟူ၍ စာဖတ်သူကို အဖော်ညှိမေးခွန်းမေးထားပါသည်။

ဆရာကသူ၏ငယ်သူငယ်ချင်းတစ်ဦး တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးချိန်တွင် ဖြေဆိုသူကိုယ်တိုင်က အောင်မည်ဟုကျိန်းသေတွက်သည်။ တကယ်တမ်း အောင်စာရင်းတွင် သူ့အမည်မပါလာသောအခါ အထင်နှင့်အမြင် တက်တက်စင်အောင်လွဲသဖြင့် ဝမ်းနည်းရပုံ၊ ရူးမလို၊ နှမ်းမလိုကြောင်တောင်ဖြစ်သွားရပုံတို့ကို တင်ပြထားသည်။ လူတို့၏စိတ်အခြေအနေ ဆန့်ကျင်ဘက်နှစ်ခုဖြစ်သော ဝမ်းသာမှုနှင့်ဝမ်းနည်းမှုကို ဆရာက "ဝမ်းသာမှုသဘောသည် ရွှင်လန်းသည်။ ပေါ့ပါးသည်။ ထို့ကြောင့်"အဖြူ"ဟုဆိုကြပါစို့။ ဝမ်းနည်းမှုသဘောသည် ထိုင်းမှိုင်းသည်။ လေးလံသည်။ ထို့ကြောင့် "အနက်"ဟုဆိုပါစို့။ အဖြူသည် အထိမခံနိုင်။ အဖြူကိုအဖြူအတိုင်းတွေ့ရမှ စိတ်ချမ်းသာသည်။ အဖြူတွင် အနက်ကလေးတစ်စက်စွန်းလျှင် အလှပျက်တော့သည်"ဟူ၍ နှိုင်းယှဉ်ပြပါသည်။

စိတ်ကအရာရာကိုဦးဆောင်တတ်ကြောင်း အားလုံးသိကြပါသည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားအသီးသီးကလည်း စိတ်ကိုအဓိကထားလျက် ပြုမူပြောဆိုနေထိုင်ကျင့်ကြံကြရန် အဆုံးအမများလည်းရှိပါသည်။ စိတ်ပညာရှင်များကလည်း သုတေသနများဆောင်ရွက်လျက် စာတမ်းများရေးသားခြင်း၊ ထုတ်ဝေခြင်းနှင့် ပညာပေးခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိပါသည်။ ဆရာမောင်ခင်မင်(ဓနုဖြူ)က စာတမ်းနိဂုံးတွင် "လောကကိုအမှောင်ဘက်မှသာမြင်တတ်သူဟုဆိုချင်လည်း ဆိုကြပါစေတော့။ အကောင်းဆုံးအခြေအနေတွင် ရှိနေစေကာမူ အဆိုးဆုံးကို ကြိုတင်မျှော်လင့်ထားတတ်သည့် စိတ်ဓာတ်မျိုးမွေးမြူနိုင်အောင် ကျွန်တော်အားထုတ်ရပေဦးမည်"ဟု အဆုံးသတ်ထားပါသည်။ စာဖတ်သူများကို မြင်တတ်၊ တွေးတတ်စေရန် ညွှန်ပြသည်ဟု ခံယူမိပါသည်။ ဆရာကြီးလေသံမပါ။ ပညာပြထားခြင်းမရှိ။ ငါပြောသလိုလုပ်ဟုလည်းမဆို။ ကျိုးကြောင်းဆင်ခြင်ရန်သာ ချိုချိုအေးအေးဆိုပါသည်။ စာဖတ်သူအပေါ်ထားရှိသောစေတနာကို ထင်ထင်လင်းလင်း မြင်လိုက်ရသည်ဟု ဆိုချင်ပါသည်။

**❖ခေတ်အဆက်ဆက် စာရေးလိုသူ၊ စာရေးရန် ဝါသနာထုံသူ အများအပြားရှိတတ်ပါသည်။ ယနေ့အခါတွင် စာအုပ်စာရွက်ပေါ်၌ ရေးသားသူများထက် တယ်လီဖုန်းလိုင်းပေါ်တွင် ရေးသားသူများက ပို၍များလာသည်ဟုထင်ပါသည်။ လူငယ်အများစုဖြစ်ကြောင်းကိုလည်း ကြားသိရပါ၏။ အယ်ဒီတာစားပွဲမဖြတ်သန်းဘဲ စာရေးဆရာဖြစ်လာသူများလည်း ရှိလာပါသည်။ ဖုန်းလိုင်းပေါ်တွင် မှတ်ချက်ပေးသူ၊ နှစ်သက်သူ၊ ဝယ်ယူအားပေးသူများကြောင့် အုပ်ရေထောင်ချီ ရောင်းရသည်များလည်း ရှိလာသည်ဟု ဆိုပါသည်။ စာကောင်းပေမွန်များ ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ထွက်ပေါ်လာသော စာများကိုမူ လိုက်လံစွာကြိုဆိုချင်ပါသည်။ ❖**

ဆက်လက်၍ "အရိုးအဆန်း"ဟူသော စာတမ်းကို တင်ပြလိုပါသည်။ "ရိုးသားခြင်းသည် ဂုဏ်တစ်ခုဖြစ်သည်။ လူသည် မိမိကိုယ်တိုင် မရိုးသားကာမူရှိစေ၊ ရိုးသားခြင်းကိုမူ နှစ်သက်တတ်စမြဲပင်"ဟူ၍ စာတမ်းကို စတင်ဖွင့်လှစ်ပါသည်။ ဆရာက လူရိုးအကြောင်းမဟုတ်ဘဲ စာရိုးအကြောင်းရေးဖွဲ့ပါသည်။ စာပေါင်းများစွာကို အကဲဖြတ်ရသူပီပီ စာရိုး၏အဓိပ္ပာယ်ကို "စာရိုးတွင် ရှုပ်ထွေးသောလက္ခဏာ၊ ကွေ့ကောက်သောလက္ခဏာများ မတွေ့ရ။ ရိုးရိုးရှင်းရှင်းကလေး ရေးထားသည်ကိုသာ တွေ့ရသည်။ ထိုစာမျိုးတွင် "ရိုးဂုဏ်"ရှိသည်။ ထို့ကြောင့် လူအများနှစ်သက်ကြသည်။ ထိုစာမျိုးသည် ရိုးဂုဏ်သာမက သိမ်မွေ့လေးနက်သောလက္ခဏာကိုပါ ဆောင်တတ်သည့်အတွက် နှစ်သက်စရာ၊ မြတ်နိုးစရာကောင်းသော စာမျိုးဖြစ်လာရပါသည်"ဟူ၍ ဖွင့်ဆိုထားပါသည်။ စာရေးချင်သူများနှင့် စာရေးနေသူများ သတိပြုဖွယ်ဟု ဆိုနိုင်ပါသည်။

ဆရာတင်ပြသောစာရိုးမှာ မြန်မာကျေးလက်ကဗျာဟုဆိုနိုင်သော "မောင်းထောင်းသီချင်းများ"ထဲမှ ကဗျာလေးတစ်ပုဒ်ဖြစ်ပါသည်။ ထိုကဗျာမှာ-

"ပိန်းဖိနပ်တဲ့အနီထယ်၊ စီးမယ်လို့ဝယ်
ခုနှယ်ခါမယ်မစီးသေး
မောင်နှင့်မယ် တကယ်ရမှ စီးပါ့မယ်လေး"

ဖတ်သူတိုင်း အလွယ်တကူနားလည်နိုင်သော ကဗျာလေးဖြစ်သည်။ မိန်းမပျိုလေးက ဖိနပ်အနီတစ်ရန်ကို ဝယ်ထားပြီး ချစ်သူနှင့်တကယ်ပေါင်းဖက်ချိန်ကျမှ စီးမည်ဟုဆန္ဒပြုပုံကို ရိုးရှင်းစွာဖော်ပြထားသည်။ ဆရာက မြတ်နိုးနှစ်သက်မှုနှစ်ခုကို "မျဉ်းပြိုင်ပမာ"ဟု ထပ်တူပြုသည်။ ကဗျာပါ လုံမပျိုလေးက ဖိနပ်အနီလေးကိုလည်း နှစ်သက်သည်။ ချစ်သူကိုလည်း မြတ်နိုးသည်။ ထို့အတူ ဆရာငယ်စဉ်က မိခင်ဝယ်ပေးသော အင်္ကျီလေးကိုမြတ်နိုးပုံ၊ တန်ဆောင်တိုင်ပွဲရောက်မှ ဝတ်ဆင်မည်ဟုရည်ရွယ်ပုံ မျဉ်းပြိုင်မှုကိုပြသည်။ ဆန္ဒပြိုင်မှုဟုလည်း ဆရာက သုံးသပ်ထားသည်။

ဖော်ပြပါကဗျာကို ဆရာမှတ်ချက်ပြုပုံမှာ "ကဗျာကလေးသည် ရိုးသည်။ ရှင်းသည်။ လွယ်သည်။ သို့သော် ဤရိုးသော၊ ရှင်းသော၊ လွယ်သော ကဗျာကလေးထဲတွင် လူ့စိတ်သဘာဝကို တစေ့တစောင်းတွေ့ရသည်။ ထို့ကြောင့် သူ့အတိုင်းအဆနှင့်သူ သိမ်မွေ့လေးနက်သောသဘောကို ဆောင်သည်။ ဖတ်သူအဖို့ နှစ်သက်မြတ်နိုးစရာကောင်းသည်" ဟူ၍ဖြစ်ပါသည်။

ခေတ်အဆက်ဆက် စာရေးလိုသူ၊ စာရေးရန် ဝါသနာထုံသူ အများအပြားရှိတတ်ပါသည်။ ယနေ့အခါတွင် စာအုပ်စာရွက်ပေါ်၌ ရေးသားသူများထက် တယ်လီဖုန်းလိုင်းပေါ်တွင် ရေးသားသူများက ပို၍များလာသည်ဟု ထင်ပါသည်။ လူငယ်အများစုဖြစ်ကြောင်းကိုလည်း ကြားသိရပါ၏။ အယ်ဒီတာစားပွဲ မဖြတ်သန်းဘဲ စာရေးဆရာဖြစ်လာသူများလည်း ရှိလာပါသည်။ ဖုန်းလိုင်းပေါ်တွင် မှတ်ချက်ပေးသူ၊ နှစ်သက်သူ၊ ဝယ်ယူအားပေးသူများကြောင့် အုပ်ရေထောင်ချီရောင်းရသည်များလည်း ရှိလာသည်ဟုဆိုပါသည်။ စာကောင်းပေမွန်များ ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ထွက်ပေါ်လာသော စာများကိုမူ လိုက်လံစွာကြိုဆိုချင်ပါသည်။ မျိုးဆက်ကွာဟမှုကြောင့်ပဲလား မဆိုနိုင်။ အွန်လိုင်းထွက်စာအုပ်တချို့ လက်ဆောင်ရသဖြင့် ဖတ်ရှုကြည့်ရာသိပ်မစွဲမိပါ။ ရိုးသားမှုကိုတော့ တွေ့ရပါသည်။ ပွင့်လင်းမှုကိုလည်း ဖတ်ရသည်။ အချုပ်အချယ်ကို မနှစ်သက်သည်ကိုလည်း ခံစားရသည်။ စာလုံးပေါင်းသတ်ပုံနှင့် စာအရေးအသားများကမူ ရေးထုံးနှင့်မညီသည်မျိုးလည်း ခဏခဏတွေ့ရပါသည်။ မိမိကိုယ်တိုင်ပင်လျှင် သတိမမူ ဂူမမြင် ဆိုသကဲ့သို့ အကျအပေါက်အမှားအယွင်းများစွာ ရှိနေသေးသည်ကိုလည်း သတိပြုဝန်ခံရပါဦးမည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)က "အရိုးနှင့်အဆန်း" စာတမ်းအဆုံးမသတ်မီ "လောကတွင် ဘယ်အခါမှ ရိုးမသွားသော အရာတစ်ခုရှိပါသည်။ အခြားမဟုတ်ပါ။ ရိုးသားမှုပင်ဖြစ်ပါသည်"ဟု မှတ်ချက်ချထားရာ အဆုံးသတ်နိဂုံးထက် ပို၍ နှစ်သက်မြတ်နိုးမိသော မှတ်ချက်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**– မောင်ရှုပ်ဆိုးနှင့်မယ်မဒီ ရသစာတမ်းများ မောင်ခင်မင်(ဓနုဖြူ)–၂၀၀၅**

# ဘားအံမြို့နယ် နောင်ရဖေးကျေးရွာ၌ VRFP စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**ဘားအံ သြဂုတ် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နောင်ရဖေးကျေးရွာ၌ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို သြဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နောင်ရဖေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မိဘကျေးဇူးဆပ်တတ်သော ရွှေသွေး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ပုံပြင်လေးကတော့ မိဘကျေးဇူးဆပ်တတ်သော ရွှေသွေး”လို့ အမည်ရတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ်။ ညောင်ပင်သာရွာလို့ အမည်ရတဲ့ရွာမှာ လယ်သမားကြီး ဦးသာအောင်နဲ့ ဒေါ်ရွှေဆိုတဲ့ ဇနီးမောင်နှံရှိသတဲ့။ သူတို့မှာ သားသမီးသုံးယောက်ရှိတယ်ကွယ်။ အမည်တွေကတော့ သားကြီး သာလှ၊ သမီးကြီး အေးမြနဲ့ သားအငယ်လေး ရွှေသွေးတို့ဖြစ်တယ်။ သားကြီးနဲ့ သမီးကြီးဟာ သက်တူရွယ်တူဖြစ်ပြီး ကျောင်းမတက်တော့ဘဲ ဖခင်ရဲ့လယ်အလုပ်တွေကို ကူညီလုပ်ကိုင်ပေးသတဲ့။ သားအငယ်လေး ရွှေသွေးကတော့ ကျောင်းတက်နေရတာပေါ့ကွယ်။

တစ်နေ့မှာတော့ လယ်သမားကြီးဦးသာအောင်နဲ့ သားကြီး သာလှ၊ သမီးကြီး အေးမြတို့ဟာ လယ်ထဲမှာ စပါးတွေစိုက်ပြီးလို့ အိမ်ကိုပြန်လာသတဲ့။ ညနေ ကျောင်းဆင်းချိန်ဖြစ်တာနဲ့ သားငယ်ရွှေသွေးကို ဝင်ခေါ်ပြီး အိမ်ကိုပြန်လာသတဲ့ကွယ်။ မိသားစုတွေ ရေမိုးချိုးပြီး ညနေ ထမင်းစားဖို့လုပ်ကြတာပေါ့။ ဖခင်ကြီးဟာ ခေါင်းရင်းမှာထိုင် ဖခင်ကြီးဘေးမှာ သာလှနဲ့ အေးမြထိုင်သတဲ့။ ဒေါ်ရွှေဘေးမှာတော့ သားငယ်လေးရွှေသွေး ထိုင်ရတာပေါ့။ အဲဒီအချိန်မှာ သာလှက ဖခင်ကြီးကို ဦးဦးဖျားဖျားဟင်းတွေ ထည့်ပေးတာပေါ့။ ဖခင်ကြီးက စကားဆိုလိုက်သတဲ့။

“ဩော် ငါ့သားကြီးသာလှနဲ့ သမီးကြီး အေးမြတို့ဟာ အလွန်လိမ္မာတဲ့ သားလိမ္မာ၊ သမီးလိမ္မာတွေပဲ မိဘရဲ့အလုပ်တွေကို ကူညီပြီးလုပ်ပေးတယ်။ မိဘကျေးဇူးကိုဆပ်နေတာ။ အဖေဝမ်းသာတယ်ကွာ” လို့ပြောလိုက်သတဲ့။ အဲဒီအချိန် သားငယ်လေး ရွှေသွေးက-

“ဖေဖေ သားလဲ ကိုကြီးနဲ့ မကြီးတို့လို ကျောင်းထွက်ပြီး လယ်ထဲလိုက်ချင်တယ်။ မိဘကျေးဇူးကို ဆပ်ချင်တယ်ဖေဖေ”လို့ ပြောတာပေါ့ကွယ်။ လယ်သမားကြီး ဦးသာအောင်က-

“သားငယ် ရွှေသွေး သားလေးအရွယ်က ပညာရှာရမဲ့အရွယ်ကွ။ သားလေးအရွယ်ရောက်လာရင် သားကြီးနဲ့ သမီးကြီးလို ဖေဖေ့ကိုကူပေါ့ကွာ။ အခုအချိန်က ငယ်ပါသေးတယ်။ ကြီးလာမှ ဖေဖေ၊ မေမေတို့ကို ကျေးဇူးဆပ်နော်။ သားငယ်ရွှေသွေး မှတ်ထား လောကမှာ အရွယ်သုံးပါးရှိတယ်ကွဲ့။ ပထမအရွယ်၊



ဒုတိယအရွယ်၊ တတိယအရွယ်ဆိုပြီးရှိတယ်။ ပထမအရွယ်မှာ ပညာရှာရမယ်။ ဒုတိယအရွယ်မှာ ဥစ္စာရှာရမယ်။ တတိယအရွယ်မှာတော့ တရားရှာရတယ်ကွဲ့။ အခု သားသမီးသုံးယောက်လဲ အချိန်နဲ့အခါကို လိုက်ပြီး ကိုယ်လုပ်ရမဲ့အရာကို လုပ်ရမယ်”လို့ လယ်သမားကြီး ဦးသာအောင်ကပြောသတဲ့။

ဖခင်ကြီးဘယ်လိုပြောပြော သားငယ်ရွှေသွေးလေးက မိဘကိုကျေးဇူးဆပ်ဖို့ပဲ တွေးနေသတဲ့ကွယ်။ ဒါကြောင့် ကျောင်းကပြန်လာတိုင်း ဖခင်ကြီးလယ်ထဲက ပြန်လာရင် ရေခပ်တိုက်တယ်။ ဖခင်ကြီးရေချိုးပြီးရင် အဝတ်အစားတွေ အဆင်သင့်ဝတ်ဖို့ ပြင်ဆင်ပေးသတဲ့။ မိခင်ကြီးကိုလဲ ရေခပ်၊ ထမင်းချက်ကူညီပေးသတဲ့။ ဒါပေမဲ့ မိခင်ဖခင်ကျေးဇူးကိုဆပ်ချင်တဲ့ သားငယ်ရွှေသွေးဟာ ကျောင်းမတက်ချင်ဘဲ မိဘကို ကူညီဖို့ကိုပဲ တွေးနေတော့တယ်။ ကျောင်းစာကိုလဲ စိတ်မဝင်စားတော့ဘဲ တမှိုင်မှိုင် တငေးငေးနဲ့ ကျောင်းမှာနေသတဲ့။

သားငယ်လေး ရွှေသွေးရဲ့အခြေအနေကို အတန်းပိုင်ဆရာမက သတိထားမိတာပေါ့။ ဒါကြောင့် ဆရာမက သားငယ်ရွှေသွေးဆီသွားပြီး-

“ရွှေသွေးရေ သား ဘာစိတ်မကောင်းစရာရှိလို့ လဲကွယ်။ ဆရာမကို ပြောပြပါလား”လို့ မေးသတဲ့။ အဲဒီအချိန် ရွှေသွေးက မိမိမှာ အစ်ကိုကြီးနဲ့ အစ်မကြီးလို မိဘကျေးဇူးကိုဆပ်ချင်ကြောင်း ပြောပြသတဲ့။ ဖခင်ကြီးပြောတဲ့ သားကြီးလာမှ မိဘကျေးဇူးကို ဆပ်သင့်ကြောင်း အခုအချိန်မှာ ငယ်ရွယ်သေးတဲ့အတွက် ပညာကို သင်ယူရမဲ့အကြောင်းစုံကို ပြန်ပြောပြသတဲ့။ အဲ့ဒါနဲ့ ဆရာမက ရွှေသွေးလေး မိဘကျေးဇူးကို ဆပ်ချင်တဲ့စိတ်ဆန္ဒကို သိရှိသွားသတဲ့။ ဒါကြောင့် ဆရာမက သားရွှေသွေး မိဘကျေးဇူးကို ဆပ်ချင်ရင် သားအရွယ်ရောက်အောင် စောင့်စရာမလိုဘဲ ကျေးဇူးဆပ်လို့ရတဲ့အကြောင်း ပြောတယ်ကွယ်။ ရွှေသွေးလေးလဲ ဝမ်းသာအားရနဲ့ ဆရာမစကားကို နားထောင်သတဲ့။

“ရွှေသွေးရေ သားအစ်ကိုကြီးနဲ့ အစ်မကြီးလို မိဘကျေးဇူးဆပ်ချင်ရင် မိဘစကားကို နားထောင်ရမယ်၊ မိဘကို စိတ်ချမ်းသာအောင်ထားရမယ်၊ မိဘကို စိတ်ညစ်အောင်မလုပ်ရဘူး။ အဲဒါ သားတို့အရွယ် မိဘကျေးဇူးကိုဆပ်တဲ့နည်း”လို့ ဆုံးမပြောဆိုသတဲ့။ သားငယ်ရွှေသွေးလဲ ဆရာမဆုံးမစကား မိဘကျေးဇူးဆပ်နည်းကို သိရှိသွားသတဲ့။ အဲဒီအချိန်ကစပြီး ဖခင်လယ်သမားကြီးဦးသာအောင်ပြောသလို ငယ်စဉ်မှာ ပညာရှာရမယ်စကားကို နားထောင်ပြီး ကျောင်းကို ပုံမှန်တက် စာတွေပုံမှန်ကျက်သတဲ့။ အိမ်ရောက်ရင်လဲ မိဘတွေကို ကူညီနိုင်တာ ကူညီပေးသတဲ့။ လယ်သမားကြီးတို့မိသားစုလဲ ပျော်ရွှင်စွာနေထိုင်သွားသတဲ့ကွယ်။ ပုံပြင်လေးက ဒါပါပဲကွယ်။

သားသားမီးမီးတို့လဲ “မိဘကျေးဇူး ဆပ်တတ်သော ရွှေသွေး”ပုံပြင်ထဲက “သားငယ်ရွှေသွေး”လို သားသားမီးမီးတို့ကလဲ မိဘစကားကို နားထောင်ပြီး ငယ်စဉ်အခါမှာ ပညာကိုရအောင်ကြိုးစားသင်ယူပြီး မိဘကျေးဇူးကို ငယ်စဉ်ကတည်းက ဆပ်ကြပါလို့ ဦးဦးက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ဖေဖေလူရှင်တော်

♦ လူရှင်တော် လူရှင်တော်
ဖေကြီးလူရှင်တော်။

♦ ကျောပေါ်တက်လို့ သားသားစီး
ဖေဖေကကျွဲကြီး။

♦ ကျွဲကြီးစီးလို့ ဝသွားရင်
တစ်မျိုးပြောင်းဖို့ပြင်။

♦ ပုဆိုးယူငင် နှာမောင်းကျစ်
ဖေဖေဆင်ကြီးဖြစ်
သားသား တခစ်ခစ်။ ။

**ဖျာပုံမောင်သုည**




## ပြည့်ခွန်အား

♦ မိုးရေဖွေးဖွေး လယ်ကွင်းတွင်
ဖေဖေလုပ်ငန်းဝင်၊
ထွန်တုံးပြင်ကာ လယ်ထွန်လို့
မေမေထမင်းပို့။

♦ သားသမီးတို့ ဖြူစိမ်းဆင်
ကျောင်းခန်းထဲသို့ဝင်၊
ပညာသင်ယူ မျိုးဆက်များ
တိုင်းပြည်ရဲ့ခွန်အား။ ။

**မင်းဝေအောင်(ရဲကျွန်း)**



# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ပြည်ပနိုင်ငံများသို့ ကန်ဒေါ်လာ ၁၃ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၇၇၀ တင်ပို့ရောင်းချခဲ့



**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ဖောက်သည်ဈေးကွက်နိုင်ငံလေးနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၇၇၀ တင်ပို့ရောင်းချခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လတွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၀၉၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၆၂ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၆၈၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၃၈ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၇၇၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၃၃၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၆၀၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ စုစုပေါင်း ရော်ဘာတန်ချိန် ၅၀၉၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၅၆၈၀ တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးဧကစုစုပေါင်း ၁ ဒသမ ၆ သန်းကျော်ရှိပြီး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ရော်ဘာတန်ချိန် ၃၆၀၀၀၀ သိန်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ရော်ဘာတန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ရော်ဘာတန်ချိန် ၃၀၀၀၀၀ ထိ တင်ပို့ရောင်းချပေးနိုင်ရေးလျာထားဆောင်ရွက်နေကြောင်း သိရသည်။

SKL

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကုက္ကိုလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကုက္ကိုလှကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကုက္ကိုလှကျေးရွာ၌ အဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**













## တဟုန်ဖန်

လျှပ်စစ်ပစ္စည်းအမျိုးမျိုး

| | | |
|---|---|---|
| ၁။ | အရောင်းဝန်ထမ်း | မ (၄)ဦး |
| ၂။ | ဂိုဒေါင်မှူး | ကျား (၄)ဦး / မ (၂)ဦး |
| ၃။ | Marketing | ကျား (၄)ဦး / မ (၂)ဦး |
| ၄။ | လိုက်ကာကွင်းတပ် | ကျား (၁)ဦး / မ (၁)ဦး |

မှတ်ချက်။ No.(၃) လူလိုင်စင်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ရှိရမည်။

လိပ်စာ။ ၆၂လမ်း၊ ၁၁၀×၁၁၁

ဖုန်း။ 09-400877100 , 09-400877900

## ဝန်ထမ်းအလိုရှိသည်

**၁။ ကွန်ပျူတာ Excel ကျွမ်းကျင်+အရောင်း မ (၁)ဦး**
လုပ်ငန်းအတွေ့အကြုံရှိရမည်
လစာ/ 200000 - ရက်မှန်ကြေး 20000

**၂။ ဆိုင်ကူ+ယာဉ်မောင်း ကျား (၂)ဦး**
ယာဉ်မောင်းလိုင်စင်ရှိရမည်
လစာ/ 200000 - ရက်မှန်ကြေး 20000

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**No.283 (81, 26 × 27)**
**Kedia Lights လျှပ်စစ်**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ အကွက်(၁၄၄)၊ မေယာဂီရိပ်ကွက်နေ မင်းညီညီ (ဘ) ဦးဝင်းမင်း (၉/အမဇ (နိုင်)၀၆၈၅၄၀)၏ နိုင်ငံကူး လက်မှတ်အမှတ် (MB- 847 538)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၀၇၆၁၃၂၀

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ်၊ ခန်လုံး အ. ထ. က၊ Grade-8 မှ မဖြူဖူးငုံ (ခ) မမေမြတ်နိုး ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးမျိုးကျော်သူ-ဒေါ်စုမွန်အောင် ဖြစ်ပါကြောင်း။
**ဦးမျိုးကျော်သူ (၉/ပကခ(နိုင်)၀၂၀၄၇၁)**
**ဒေါ်စုမွန်အောင် (၉/စကတ(နိုင်)၁၂၀၈၆၃)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

**ရန်သူ မီးဘေး တားဆီးရေး မနှေး ဆောင်ရွက်ကြ**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ...

❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း)ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲစတုတ္ထနေ့ မြန်မာနိုင်ငံမှဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဩဂုတ် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ **Dianchi International Convention and Exhi bition Center** ၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ စတုတ္ထနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံပြခန်းဆောင်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၊ လှပသောသဘာဝရှုခင်းများနှင့်မြန်မာ့ထွက်ကုန်ပစ္စည်းများအကြောင်းကို မိတ်ဆက်ပြောကြားပြီး ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာ ကြည့်ရှုသူပရိသတ်များ၊ ပြခန်းဆောင်အတွင်း ပြသထားသည့် မြန်မာ့ခရီးသွားနေရာများကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မြန်မာပြခန်းများ၌ ရောင်းချလျက်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြိုက်နှစ်သက်ကြ၍ ဝယ်ယူသူများဖြင့်

**စာမျက်နှာ ၂၀ ကော်လံ ၄ ☆**

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ISPEအသင်းက ရန်ကုန်ယူနိုက်တက် အသင်းကို ၁၁ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် **ISPE** အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ **ISPE** အသင်းက ၁၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ချန်ပီယံဆုအတွက် မြဝတီအသင်းနှင့် အားပြိုင်နေသည့် **ISPE** အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ပွဲစကတည်းက ခြေစွမ်းပိုင်းနှင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဆုအတွက် မြဝတီအသင်းကို ၂၂ မှတ် တစ်ပွဲအသာဖြင့်

**စာမျက်နှာ ၂၀ ကော်လံ ၄ ❖**



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257